


စိတ်ကူးချိုချိုအနုပညာ

# နုနုရည်အင်းဝ

# လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ


ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# နုနုရည်အင်းဝ

လဝန်းစက်ဝိုင်း
ထက်ပိုင်းပြတ်ကြွေ



အမှောင်ကို ကြောက်တယ် . . .
နှင်းဆီပန်းတွေကို မုန်းတယ် . . .
ပုလဲလုံးတွေကို မုန်းတယ် . . .
အတွယ်တာဆုံးကတော့ . .
ငယ်ငယ်လေးကတည်းက
မခွဲမခွာ အတူနေခဲ့တဲ့
ဒေါ်လီအရုပ်ကလေးပေါ့ . .॥

ISBN 9789997114938
FIC131
9 789997 114938
4,000.00KS

mgyoe.com

mgyoe.com

လဝန်းစက်ဝိုင်းထက်ပိုင်းပြတ်ကြွေ။ နန္ဒရည်အင်းဝ
ရှေ့ဖုံးပန်းချီ - လင်းဝဏ္ဏ၊ နောက်ဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၂၃၇+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၁ အားမာန်သစ်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ

နုနုရည်အင်းဝ

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာစကား၊ ကျေးဇူးစကား

'လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ'ကို ကျွန်မရေးခဲ့တာ လွန်ခဲ့တဲ့ ၂၈ နှစ်ကပေါ့။ အဲဒီခေတ်က စာရွက်ညှိဝါညစ်ညစ်တွေနဲ့၊ ခဲစာလုံးလေးတွေနဲ့ (ပိုပို့မျက်နှာဖုံးလေးကတော့ ကျေနပ်စိတ်တိုင်းကျပါရဲ့) ကျွန်မရဲ့စာအုပ်ကလေး...။

ဒီစာအုပ်လေးကို ကျွန်မ ဘာလို့ ရေးဖြစ်ခဲ့တာပါလိမ့်...။

ဒီစာအုပ်လေးရေးတဲ့ ၁၉၈၉၊ ၁၉၉၀ (၁၉၈၈ လူထုအရေးတော်ပုံကြီး ပြီးခါစ) ကာလများဟာ ကျွန်မတို့စာရေးဆရာတွေစက်ဆုပ်လှတဲ့ စာပေစိစစ်ရေးရဲ့ အသောင်းကျန်းဆုံး ကာလများပေါ့။

အထူးသဖြင့် ကိုယ်ဖြတ်သန်းနေတဲ့ခေတ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေကို အနုပညာမြောက်စွာ ထင်ဟပ်ရေးသားနိုင်မှ စာရေးဆရာတစ်ယောက်ရဲ့ တာဝန်ကျေတယ်လို့ ယုံကြည်တဲ့



mgyoe.com

mgyoe.com

စာရေးဆရာမျိုးတွေအတွက် အကျပ်တည်းဆုံး ကာလတွေပေါ့။ အခက်ခဲဆုံး ကာလတွေပေါ့။

အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် စိတ်ပညာဘာသာရပ်ဆိုင်ရာ စာအုပ်တွေက ကျွန်မနဲ့ လက်တစ်ကမ်းမှာ ရှိနေလေတော့ ဖတ်ခွင့်ရခဲ့တယ်။ စိတ်ဝင်တစားလည်း ဖတ်ကြည့်ခဲ့မိပါတယ်။

စိတ်ပညာစာအုပ်တွေထဲက စံလွဲစိတ်ပညာအကြောင်း၊ ဆက်ဆံရေးစိတ်ပညာအကြောင်းတွေ၊ စိတ်ပညာဂိုဏ်းတွေအကြောင်းတွေ...။ ကျွန်မစိတ်အဝင်စားဆုံးက (Gender) ဆိုတဲ့ ကျားမခွဲခြားမှု၊ sex နဲ့ gender ကွာခြားမှုတွေနဲ့ အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence)၊ မိန်းကလေးတွေရဲ့ အခွင့်အရေး...ဆိုတဲ့ အကြောင်းတွေပါပဲ။

တချို့သော မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေအောက်မှာ ဖြတ်သန်းကြရင်း၊ အိမ်တွင်း အကြမ်းဖက်မှုတွေကို ရင်ဆိုင်ကြရင်း...၊ စီးပွားရေး၊ လူမှုရေး ရိုက်ခတ်မှုတွေကို ဖြေရှင်းကြရင်းနဲ့ စိတ်ဖိစီးမှုတွေကြောင့် စံလွဲသွားကြရတဲ့ ကျွန်မတို့ မြန်မာမိန်းကလေးတွေ ကျွန်မတို့လူမှုပတ်ဝန်းကျင်မှာ ရှိနေမှာ အသေအချာပဲဆိုတဲ့ အတွေးလေးဝင်ရာကနေ 'လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ' လေးကို ရေးချင်လာတာပါပဲ။

စိတ်ပညာရှင် (Wilhelm Wundt) အသုံးပြုခဲ့တဲ့ (Introspection) ကိုယ့်စိတ်စဉ်ရှုနည်းဆိုတာဟာတဲ့... လူတစ်ယောက်ဟာ သူမြင်တာ၊ သူကြားတာ၊ သူ့သိစိတ်ဖြစ်ပေါ်တာတွေကို ပြင်ပက အတင်းမတိုက်တွန်းဘဲ ရိုးရိုးပြန်ပြောပြတဲ့နည်းတဲ့။



mgyoe.com

mgyoe.com

အဲဒီနည်းလေးကိုလည်း ကျွန်မရဲ့ ဇာတ်ကောင်အတွက် တင်ပြပုံအသစ်ကလေးဖြစ်လို့ ကျွန်မ သဘောကျမိပါတယ်။ ပြီးတော့ ဝတ္ထုနာမည်လေး.....။

မိန်းကလေးတစ်ယောက်ရဲ့ လင်းတစ်လှည့် မှောင်တစ်လှည့် ဘဝ...။ လောကကြီးကို ထင်ထင်ရှားရှား လင်းလင်းလက်လက် မမြင်ရဘဲ ဖိနှိပ်မှု၊ ဖိစီးမှုတွေကြားကနေ ကြီးပြင်းအသက်ရှင်ရရှာတဲ့ ဘဝကို ကိုယ်စားပြုတဲ့ နာမည်မျိုးလေး.....။

ကျွန်မ ငယ်ဘဝ အင်းဝမှာ မနက်အစောကြီးတွေမှာ ဓာတ်စက်ကနေ ကြားရတတ်တဲ့ အဆိုတော် မောင်မောင်ညွှန့်ရဲ့ ဓာတ်ပြားသီချင်းလေးရှိတယ်။ ဆရာကိုစောညိန်းရဲ့လက်ရာ၊ 'ငွေဝန်းသော်တာ'တဲ့။ အဲဒီသီချင်းလေးထဲမှာ အပြည့်အဝ မသာနိုင်ရှာတဲ့ လတစ်ခြမ်းလေးကို ဖွဲ့ထားတဲ့စာသားလေး ပါပါတယ်။

'ငွေလွှာစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ...'တဲ့။

'လဝန်းစက်ဝိုင်း ထက်ပိုင်းပြတ်ကြွေ'ဆိုတဲ့ ဝတ္ထုနာမည်လေးအတွက် 'ငွေဝန်းသော်တာ'နဲ့ ဆရာကိုစောညိန်း၊ အဆိုတော် (ဦး)မောင်မောင်ညွှန့်တို့ကို ကျေးဇူးတင်လှပါတယ်။

ဒုတိယအကြိမ် မျက်နှာဖုံးဒီဇိုင်းအတွက် ကူညီခဲ့ကြတဲ့ ပန်းချီ ကိုလင်းဝဏ္ဏ၊ ပန်းချီ ကိုဘငွေးကြည်နဲ့ မောင်ငယ် ကိုစန်းဦး (စိတ်ကူးချိုချိုစာပေ)တို့ကိုလည်း ကျေးဇူးများစွာတင်ရပါတယ်။

နုနုရည်အင်းဝ

**နုနုရည်အင်းဝ**

**၁၈.၁၂.၂၀၁၈**



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ခွေးနီမ



mgyoe.com

mgyoe.com


mgyoe.com

mgyoe.com


## (၁)

ဒေါ်လီ... ဒေါ်လီ၊ နင်ဘယ်မှာလဲ၊ နင်ဘယ်နားမှာလဲ၊ မှောင်မည်းနေတာပဲဟယ်၊ ငါကြောက်လိုက်တာ၊ နင့်ကို ငါ လုံးဝ မမြင်ရဘူး ဒေါ်လီရဲ့၊ နင် ဘယ်ရောက်နေလဲဟင်...။

ငါအိပ်တာဖြင့် ခဏလေးပါ၊ ငါ ဗိုက်ဆာလို့ ငိုတော့တောင် နင်က တိတ်တိတ်ဆို၊ နင် မချမ်းအောင် ငါဂါဝန်ထဲမှာလည်း ထုပ်ထားရသေးတယ်၊ ဘာဖြစ်လို့ နင်က ကောင်းကောင်းမနေရတာလဲလို့၊ အိုက်လို့လား... ဟုတ်လား ဒေါ်လီ ငါ့နားကို မြန်မြန်လာပါဟယ်၊ ငါကြောက်တယ်။

ဟော... ကြားလား၊ ကြားလား၊ ကျွိ– ကျွိ– ကျွိ– ကျွိတဲ့၊ ဒီအခန်းထဲမှာ ကြွက်တွေရှိတယ်၊ ကြွက်တွေဟာ ထမင်းစားပြီး လက်ကိုစင်အောင်မဆေးရင် လက်ထိပ်ကလေးတွေကို ကိုက်ဖြတ်တတ်တယ်တဲ့၊ နှပ်မညှစ်ဘဲနှပ်ချေးတွဲလောင်းနဲ့နေရင် နှာခေါင်းထိပ်ဖျားလေးကို ကိုက်ဖြတ်တတ်တယ်တဲ့၊ ပြီးတော့ ဂါဝန်တွေ ဘာတွေညစ်ပတ်နံစော်ရင်လည်း အိုး... လုပ်ပါဦး၊


mgyoe.com

mgyoe.com

ဒေါ်လီ...၊ ငါ့ဂါဝန်မှာ ရှုရှုးတွေရွဲရွဲစိုကုန်ပြီ၊ ငါ့ဂါဝန်ဟာ ညစ်ပတ်နံစော်နေပြီ။

ဒေါ်လီ... ဒေါ်လီ၊ ကြည့်စမ်း၊ နင်က ဒီမှာကိုး၊ ဝမ်းသာလိုက်တာ ဟယ်၊ နင်က မှောက်ရက်ကလေး အိပ်နေတာပေါ့လေ၊ မျက်တောင် နက်နက် လေးတွေကို ပိတ်ပြီးတော့ပေါ့၊ နှုတ်ခမ်းနီနီလေးကို ဟပြီး သွားနှစ်ချောင်းပူးလေး ပေါ်လို့ပေါ့၊ ဘာရမလဲ နင့်ကို ဟောဒီလို ဟောဒီလို ပွေ့ချီလိုက်တာနဲ့ နင်မျက်လုံးပြူးပြီး နိုးလာရမှာပေါ့၊ ပြီးတော့ နင့်ကို ငါလှုပ်ပြီး မြှူလိုက်မယ်၊ နင်က ငါ့ကို ဂလပ်၊ ဂလပ်နဲ့ မျက်စိမှိတ်ပြီး လျှာထုတ်ပြောင်ပြမယ်မဟုတ်လား။

ဒေါ်လီလေးရယ်၊ နင့်ကိုငါ သိပ်ချစ်တာပဲ၊ နင့်ကိုငါဖက်ထားမယ်၊ နင်ငါ့ဂါဝန်ထဲမှာပဲ နေပါနော်၊ ရှုရှုးစော်နံလို့ နင် မနေချင်ဘူးလားဟင်၊ မှောင်ကြီးထဲမှာငါကြောက်လို့ပါတယ်၊ နင်နေပါနော်၊ နင့်ကိုဖက်ထားရရင် ငါသတ္တိကောင်းလာတယ် သိလား၊ နင် ဗိုက်ကော ဆာနေပြီလား၊ ခဏနေဦးနော်၊ ငါလည်းဆာတာပဲ၊ ကြီးတော် စိတ်ဆိုးမပြေမချင်း ငါတို့နှစ်ယောက် ဘာမှစားရမှာ မဟုတ်ဘူး၊ သော့ဖွင့်တဲ့အသံကို နင်နားထောင်နေနော်၊ ကြားလား။

ကြီးတော်ကို နင်ချစ်လား ဟင်... ဒေါ်လီ၊ မချစ်ဘူးမဟုတ်လား၊ နင့်ကို ဒေါ်လီလေး ဒေါ်လီလေးလို့မခေါ်ဘဲ၊ ဒေါ်လီရုပ် ဒေါ်လီရုပ်လို့ခေါ်လို့ကို မချစ်ဘူးမဟုတ်လား၊ ပြီးတော့ တစ်မျိုးခေါ်သေးတယ်လေ၊ "ဟိုကောင်မ ပေးလိုက်တဲ့ ဒေါ်လီရုပ်" တဲ့၊ ဟိုကောင်မဆိုတာ နင်သိလား၊ ငါ့ရဲ့အမေကို ပြောတာ။ ငါ့အမေကို ကြီးတော်က မုန်းတယ်၊ မချစ်ဘူး၊ ညီမအရင်းချင်းပေမဲ့ ဘထွေး အေးမောင်လို ငါ့အမေကို မချစ်ဘူး၊ ဘ


mgyoe.com

mgyoe.com


ထွေး အေးမောင်က ငါ့အမေကို ချစ်တယ်၊ ဘထွေး အေးမောင်ကို နင်သိပါတယ်၊ နင့်ကိုငါ့ဆီခေါ်လာတဲ့သူလေ၊ သူက ကြီးတော်ရဲ့မောင်၊ ငါ့အမေရဲ့အစ်ကို၊ မန်းလေးမှာ နေတယ်၊ ဘထွေး အေးမောင် ရန်ကုန်ကိုသွားရင်း အမေ့ဆီဝင်တော့ အမေက ငါ့အတွက် နင့်ကို ထည့်ပေးလိုက်တာတဲ့၊ နင်မှတ်မိတယ်မဟုတ်လား၊ နင့်ကို ထည့်ပေးလိုက်ကာစတုန်းက တစ်ခါ၊ ငါ့ကို ကြီးတော် ဒီအမှောင်ခန်းထဲပိတ်ထားတာလေ။ နင့်ကို ငါ့လက်ကမချလို့တဲ့၊ သူက နင့်ကို ဂျပ်သေတ္တာဘူးထဲမှာပဲ ရိုရိုသေသေ သိမ်းထားရမယ်တဲ့၊ တစ်နေ့ကို တစ်ခါပဲ ခဏလေးကစားပြီး ဂျပ်သေတ္တာဘူးထဲ ပြန်ထည့်ရမယ်တဲ့။ ငါက တအားအော်ငိုပြီး သူ့လက်ထဲက အတင်းလုရပါ့မလား ဆိုပြီး ဒီအခန်းထဲမှာ တံခါးတွေ အကုန်ပိတ်ပြီး သော့ခတ်ထည့်ထားတာလေ၊ ငါကြောက်ပြီးအော်တာ ဘာဖြစ်သွားမှန်းမသိဘူး။ နောက်တော့မှ ကြီးတော်က နင့်ကိုငါနဲ့တူတူထားတယ်၊ အိပ်ရာထဲကိုတော့ မယူရဘူးတဲ့၊ ငါက အတင်းယူတော့ ညကြီးမှာ ငါ့ကို အခန်းထဲ တစ်ခါထည့်သေးတယ်။

ခုတောင် တော်သေးတယ်နော် ၊ နင့်ကို ငါအတင်းဖက်ထားလို့ နင်ဒီထဲပါလာတာ၊ နင်သာမပါရင် ငါဘယ်လောက် ကြောက်လိုက်မလဲ ဟယ်၊ မှောင်တာကို ငါသိပ်ကြောက်တာပဲ ဒေါ်လီရယ်။

ငါ့ကို ဒီထဲထားမှာစိုးလို့ ကြီးတော်ကို ငါချစ်ပါတယ်။ သူခိုင်းတာ လုပ်ပါတယ်၊ ပြောစကား ဆိုစကားနားထောင်ပါတယ်။ ကြီးတော်က ကျောင်းနေရမယ်ဆိုလို့ ငါနေမယ်ပြောသားပဲ၊ ငါနေတော့ မနေချင်ပါဘူး၊ ဟင့်အင်း ငါမနေရဲဘူး။ အဲဒီကျောင်းမှာ မန်းလေးက ဘထွေးအေးမောင်ရဲ့ သားတွေလို ကောင်လေးမျိုးတွေ၊ ငါတို့အိမ်ဘေးက စိမ်းစိမ်းတို့လို ကောင်မလေးတွေ အများကြီးရှိနေတာ ငါသိတယ်။ သူတို့က ငါ့ကို မြင်းလုပ်စီး


mgyoe.com

mgyoe.com

မှာ၊ မုန့်လုစားမှာ၊ လည်ပင်းညှစ်မှာ။ နင်သာဆိုလည်း ကျောင်းမနေဘူး မဟုတ်လား၊ ဟင်… ဒေါ်လီ။ ကြီးတော်က ငါ့ကို ခေါ်သွားတယ်၊ ကျောင်းအပ်ဖို့တဲ့၊ မနက်ကပေါ့။ ငါ့ကို ဟောဒီဂါဝန်အသစ် ဝတ်ပေးတယ်၊ အိမ်မှာဝတ်တဲ့ စပ်ထဘီအသေးလေးကို မဝတ်ရဘူး၊ သူလည်း အိမ်မှာ ဝတ်တဲ့ စပ်ထဘီအကြီးကြီးကို မဝတ်ဘူး။ အင်္ကျီအသစ် ထဘီအသစ်နဲ့၊ ကျောက်သင်ပုန်းနဲ့ ကျောက်တံပါတဲ့ လွယ်အိတ်အသေးလေးကို ငါလွယ်ရတယ်။

ကြီးတော်ခေါင်းပေါ်မှာ လင်ပန်းကြီး ရွက်ထားတယ်။ လင်ပန်းကြီးထဲမှာ ကြီးတော် မနက်အစောကြီးကချက်တဲ့ ဆီထမင်းတွေရယ်၊ ငါးခြောက်ဖုတ်တွေရယ်ရှိတယ်၊ အဲဒါ ဆရာတွေ၊ ဆရာမတွေကို ကျွေးဖို့တဲ့၊ လက်ဖက်ရည်တို့ ကိတ်မုန့်တို့ဝယ်တာက ပိုက်ဆံကုန်တယ်လို့ ကြီးတော်က ပြောသေးတယ်။ ကျောင်းကလေ ငါတို့ခြံကနေဆို အဝေးကြီးလျှောက်ရတယ်၊ ငါတို့ ခြံတွေကလူတွေနဲ့ ဝေးတဲ့နေရာမှာရှိတာ။ မြို့ထဲကလူတွေက ပန်းတို့၊ မုန်လာတို့၊ ဆူးပုပ်ရွက်တို့ဝယ်ချင်တော့မှလာကြတာ။ စက်ဘီးတို့မြင်းလှည်းတို့နဲ့လာတာပေါ့၊ ကြီးတော်က ကျောင်းကို မြင်းလှည်းနဲ့ မသွားတော့ ငါတို့အကြာကြီးပဲ လျှောက်သွားရတယ်။

ကျောင်းကိုရောက်တော့လေ သိလား ဒေါ်လီ၊ ကောင်လေးတွေ၊ ကောင်မလေးတွေမှ အများကြီးပဲ၊ ငါတစ်ခါမှ မတွေ့ဖူးဘူးသိလား၊ ငါတွေ့ဖူးတာက ဘထွေးအေးမောင်ရဲ့ သားတွေနဲ့ ငါတို့ခြံနားက စိမ်းစိမ်းရယ်၊ စိမ်းစိမ်းညီမလေးတွေရယ်၊ ဒါပဲတွေ့ဖူးတာ၊ ငါကတော့ ကြီးတော်ထဘီကိုပဲ အတင်းကပ်ပြီး ဆုပ်ထားမိတာပဲ။

ကြီးတော်ကို ဆရာမဝဝကြီး တစ်ယောက်က “တင်တင်ပါလား၊ လာလာ”တဲ့၊ ကြီးတော်နာမည်က ဒေါ်တင်လေးလို့ ခေါ်တယ်၊ ဒါပေမဲ့


mgyoe.com

mgyoe.com



ဘယ်သူကပဲဖြစ်ဖြစ် ကြီးတော်ကို တင်တင်လို့ချည်း ခေါ်ကြတာပဲ။

အဲဒီ ဆရာမဝဝကြီးကလေ ကောင်လေးတွေ ကောင်မလေးတွေ အများကြီးရှေ့က စားပွဲကို ငါ့ကို ခေါ်သွားတယ်၊ ကောင်လေးတွေ ကောင်မလေးတွေကလည်း ဝိုင်းကြည့်နေကြတာပဲ၊ အဲဒီထဲမှာ စိမ်းစိမ်းလည်း ပါတယ်၊ စိမ်းစိမ်းက ငါ့ထက်အရင် ကျောင်းနေတာပေါ့။

"ဆရာကြီး ဒီနေ့ခွင့်ယူထားလို့လေ၊ ကျွန်မ လက်ခံထားလိုက်ပါမယ်၊ တင်တင့်တူမ အသက်ပြည့်ရဲ့လား"

"ပြည့်ပါတယ်၊ ခြောက်နှစ်ထဲမှာလေ"

"ဟုတ်လား၊ ကလေးက ညှက်လိုက်တာ၊ လေးနှစ်ငါးနှစ်လောက်ပဲ ထင်ရတယ်"

"ညှက်တာကတော့ သူ့အမေတူလို့နေမှာပါ၊ ကျွန်မဖြင့် ဆိတ်နို့ တစ်မျိုး နွားနို့ တစ်မျိုးနဲ့ မွေးရတာ ဆရာမရေ၊ ပင်ပန်းခံရတာတွေ"

"အေးလေ အပျိုကြီးမှာ"

"ဒါကြောင့် ပြောရတယ်၊ အင်း... ကြီးလာရင်တော့ကျေးဇူးပဲပြန်ဆပ်မလား၊ ရင်ဝပဲစုံကန်မလား ဆိုတာ"

အဲဒီနေရာမှာ ကြီးတော်ကို ငါစပြီး မုန်းတာပဲ ခေါ်လီ၊ ကြီးတော်ဟာ ဒီစကားကို နေရာတကာမှာ မပြောတဲ့ မနေနိုင်ဘူးလား၊ ငါဘာမှ နားမလည်တဲ့ အရွယ်ကတည်းက ကြီးတော်က ဒီစကားကို လူတကာ ပြောခဲ့တာ၊ ငါ့ကိုလည်း မေးခဲ့တာ၊ ငါဝမ်းနည်းအောင် ကြီးတော်သိပ်လုပ်တာပဲ၊ ငါ ကြီးတော်ကို ချစ်ပါတယ်၊ ငါငယ်ငယ်လေးထဲက ကြီးတော်ရင်ဘတ်ကို သမီး မကန်ပါဘူးလို့ ငါ ဖြေဖူးပါတယ်။

ကြီးတော်က မရပါဘူး။ သူ့စကားတွေပြောတော့မှာ၊ အဖေတို့၊ အမေ



mgyoe.com

mgyoe.com

တို့အကြောင်းတွေပြောတော့မှာ ဒေါ်လီရဲ့။ ငါလေအရင်ဆို ကြီးတော် ဘယ်သူ့ကိုပြောပြော၊ အမြဲနားထောင်တယ်၊ ကြီးတော်က သွားခိုင်းလည်း တိတ်တိတ်လေးခိုးပြီး နားထောင်တယ်။ ငါ့အဖေနဲ့အမေ့အကြောင်း သိချင်လို့ပေါ့။ ဒါပေမဲ့လေ ခုတစ်ခါတော့ ငါနားမထောင်ချင်ဘူး။ ငါငိုချင်တယ်။ ငါ့ရှေ့မှာ စိမ်းစိမ်းတို့ရှိတယ်လေ။ တခြားကောင်လေးတွေ ကောင်မလေးတွေလည်း ရှိတယ်လေ။ ကြီးတော်ရဲ့ ထဘီကို ငါတအားဆုပ်ဆွဲမိတော့ ကြီးတော်က ငါ့လက်ကို ပုတ်ချတယ်။

"ဟဲ့... ဖယ်စမ်းပါဦး၊ တစ်ခါတည်းတွန့်လိမ်ပြီး ဘာဖြစ်နေတာလဲ၊ ဒီလိုလူတောမတိုးတာကို ငါမကြိုက်တာ"

"ဟုတ်သားပဲ သမီးကလည်း အဲလိုမနေရဘူး။ လာ... ဒီနားကို လာစမ်း"

ဆရာမဝဝကြီးဆွဲခေါ်တာကို ငါ မသွားပါဘူး၊ အတင်းပေကတ်နေတာပေါ့။ ဆရာမဝဝကြီးကိုလည်း ငါကြောက်တယ် ဒေါ်လီရယ်။

"ဟဲ့... ဘယ်လိုဖြစ်နေတာလဲ ခွေးနိမ၊ ညည်း နာချင်ပြီ ထင်တယ် ဟုတ်လား"

ငါကြိတ်မှိတ်ထားတဲ့ကြားထဲက မျက်ရည်တွေ တစ်ပေါက်ပေါက် ကျလာတော့တာပဲ ဒေါ်လီ။ ကြီးတော်ရိုက်မှာကြောက်လို့ မဟုတ်ပါဘူး။ လူရှေ့သူရှေ့မှာ ကြီးတော်ဆုံးမတတ်တဲ့ ပေါင်တွင်းဖြော လိမ်ဆွဲတာလောက်ကတော့ ငါမျက်ရည်လည်ရုံနဲ့ ကျိတ်ခံတတ်ပါတယ်။ ခုဟာက ငါ့ကို ခွေးနိမလို့ အကျယ်ကြီးခေါ်လိုက်လို့။ ကြည့်ပါလား၊ စိမ်းစိမ်းက ပြုံးစိစိနဲ့ ကြည့်နေတယ်။ ပြီးတော့ သူ့ဘေးက ကောင်မလေး နားနားကပ်ပြီးတော့လည်း ပြောလိုက်သေးတယ်။ ငါ့ကို ခွေးနိမ ... ခွေးနိမ အို့... အို့လို့


mgyoe.com

mgyoe.com


ခေါ်ဖို့ တိုင်ပင်တာနေမှာပေါ့။ သူက ငါ့ကို အမြဲတမ်း ခွေးနီမ ခွေးနီမ အို့... အို့လို့ ခေါ်နေကျပဲ။ ဘထွေးအေးမောင်သားတွေ လာရင်လည်း သူနဲ့ပေါင်းပြီး ငါ့ကိုခွေးလုပ်တမ်းကစားကြတယ်။ ထန်းလျက်တွေ ပစ်ကျွေးကြတယ်။ အရိုးတွေ ပစ်ကျွေးကြတယ်။ စိမ်းစိမ်းဟာ ဘယ်လောက်ယုတ်ပတ်တယ်မှတ်လဲ။ သူတို့အိမ်က ခွေးမကြီးက ခွေးကလေးတွေမွေးတော့ အဲဒီထဲက မွေးစုတ်ဖွားအနီလေးနဲ့ ခွေးမလေးကို ခွေးနီမလို့ မှည့်တယ်။

ခွေးနီမဆိုတဲ့ နာမည်ကြီးကို ငါသိပ်မုန်းတာပဲ ဒေါ်လီ။ ကြီးတော်ဟာ ဘာလို့ ငါ့ကို အဲဒီနာမည်ကြီးကို မှည့်ရတာလဲ ဒေါ်လီရယ်။ နင့်ကိုတော့ ဘယ်သူက နာမည်မှည့်ပေးတာလဲ ဟင်၊ နင့်နာမည်လေးက လှတယ်။ အဲဒါမျိုးနာမည်လေး ငါဖြစ်ချင်လိုက်တာဟယ်။ ခုတော့ ငါ့ကို တစ်ကျောင်းလုံးက ခွေးနီမ၊ ခွေးနီမ အို့... အို့လို့ ခေါ်ကြတော့မယ်။

"မငိုရဘူးလေ သမီး၊ လာ... လာ၊ ဆရာမဆီလာစမ်း၊ မကြောက်ရဘူးနော်၊ ပြောပါဦး၊ သမီးနာမည်ပြောပါဦး၊ ကျောင်းသူကြီးဖြစ်အောင် စာရင်းသွင်းရအောင်... နော်၊ သမီးနာမည်က"

ငါ့ကို ချော့မော့မျက်ရည်သုတ်ပေးလို့ ချစ်မလို့ ရှိသေး ဆရာမဝဝကြီးကို ငါ မုန်းသွားပြီ ဒေါ်လီ။ ငါမပြောချင်ပါဘူးဆိုနေမှ။ စိမ်းစိမ်းဆီကို ငါ လှမ်းကြည့်ပြီးတော့ စိမ်းစိမ်းက အသံမထွက်ဘဲ ခွေးနီမ အို့... အို့... တဲ့။ ဆရာမ ဝဝကြီးလက်ထဲက ငါအတင်း ရုန်းထွက်ပစ်လိုက်တာပေါ့။

"ပြန်မယ်... အိမ်ပြန်မယ်၊ အိမ်ပြန်မယ်"

"အို... အို... အဲလို မလုပ်ရဘူးလေ ကလေး"

"အံမယ်... ခွေးနီမနော် ခွေးနီမ၊ ညည်းတော့လေ နေဦး"

ကြီးတော်ကလေ ဆရာမကြီးလက်ထဲကနေ ငါ့ကို ဆွဲယူသလိုလိုနဲ့


mgyoe.com

ငါ့လက်မောင်းကို တအားညှစ်တယ်။ ငါ သိတယ်၊ လူရှေ့သူရှေ့မှာ ငါ ပြောမရရင် ငါ့ကို ငြိမ်ခိုင်းတဲ့နည်းလေ။ နေနှင့်ဦးလို့ ပြောတာ။ လူကွယ်ရာ ရောက်တာနဲ့ ငါ့ကို ကြက်ဥကြိမ်နှစ်ချောင်းပြုံးစာကျွေးတော့မှာ။

"ကဲပါ တင်တင်ရယ် ထားပါ၊ ကလေးက ကြောက်နေတာကိုး။ စာရင်းသွင်းရအောင် နာမည်ပြော၊ မွေးသက္ကရာဇ်ပြော"

"ကျွန်မကတော့ ခွေးနီမခေါ်တာပဲ။ အရပ်ကလည်း အဲဒီနာမည်ပဲ တွင်နေပြီ"

"အင်းပေါ့၊ အိမ်နာမည်ပေါ့၊ အဲဒါက တခြားနာမည် မရှိတော့ဘူး လား"

"ရှိတော့ ရှိပါတယ်၊ သူ့အမေမှည့်ထားတဲ့ နာမည်မခေါ်ချင်လို့"

ဒေါ်လီရယ်၊ ငါလေ ကြီးတော်မျက်နှာကို မျက်လုံးပြူးပြီး ကြည့်မိ တော့တာပဲ။ ငါ့မှာ ငါ့အမေမှည့်တဲ့ နာမည်တစ်မျိုးရှိသေးသတဲ့။ မေးလိုက် လေ ဆရာမ ဘယ်သူလဲလို့။ ဆရာမက မမေးဘဲနဲ့ ကြီးတော်ကိုပဲ ကြည့်နေ တယ်။ ဒေါ်လီရယ်။ ကြီးတော်မျက်နှာကလေ နှုတ်ခမ်းတွေကလေ မဲ့ရွဲ့လာ တယ်။ ဒါဆို ကြီးတော်အဖေတို့ အမေတို့အကြောင်း ပြောတော့မှာ။

"ချစ်စ၊ ခင်စ၊ ကြင်နာစတုန်းကလေ ဟိုဟာမရှုပြီး မှည့်တာပေါ့၊ သူတို့လင်မယား နာမည်နှစ်ခုပေါင်းထားတာ၊ ခင်ကျော်လေးတဲ့၊ ခင်ကျော် လေး"

"ကောင်းသားပဲ၊ နေ့နံကောကိုက်ရဲ့လား"

အို... ဘာမကိုက်ကိုက်၊ ခွေးနီမဆိုတဲ့ နာမည်ကြီးထက်တော့ ကောင်း ပါတယ် ဆရာမရဲ့။ နော်... ဒေါ်လီ၊ ငါ့နာမည်က ခင်ကျော်လေးတဲ့။ ငါ့ အဖေနဲ့အမေ နာမည်နှစ်ခု ပေါင်းထားတာတဲ့၊ စိမ်းစိမ်းကို ငါလှမ်းကြည့်



mgyoe.com

mgyoe.com


တော့ စိမ်းစိမ်းက ခပ်တည်တည်နဲ့ ကြည့်နေတုန်းပဲ။

"နေ့နံကိုက်အောင် ပြောရမှာပေါ့၊ တနင်္လာသမီးလေ"

"သူ့အဖေနာမည်ကကော တင်တင်"

"ကျော်ဋွေးတဲ့ ကျော်ဋွေး"

ငါ့အဖေနာမည်က ကျော်ဋွေး၊ ဦးကျော်ဋွေးတဲ့ ဒေါ်လီ၊ ငါ အခုမှ သိတာ။ အမေ့နာမည်ကိုတော့ ဘထွေးအေးမောင်နဲ့ ကြီးတော်ပြောလို့ ငါ သိတယ်။ ငါ့အမေနာမည်က ခင်လေးတဲ့၊ ဒေါ်ခင်လေး။ ခင်လေးထဲကို ငါ့အဖေနာမည် ကျော် ထည့်လိုက်တော့ ငါ့နာမည်က ခင်ကျော်လေးပေါ့။

"မွေးသက္ကရာဇ် ပြောပါဦး"

"နှစ်ဆယ့်နှစ်နှစ်ခုဖွားပဲ၊ မွေးတဲ့ရက်တော့ အတိအကျ မမှတ်မိဘူး။ လကတော့ ဟိုသင်း၊ ဝါခေါင်လကြီး၊ မိုးတွေ ရွာလိုက်တာ။ ဒီဟာမအနီးတွေ မခြောက်လို့ ကျွန်မမယ် မီးဖိုတစ်ဖိုနဲ့ မီးကင်လိုက်ရတာ။ သင်းအဖေနဲ့ အမေကတော့ ရန်ဖြစ်ကြတာ တဂျိန်းဂျိန်း။ အကောင်က မိခင်လေးကို မသင်္ကာဘူးလေ။ ကလေးခုနစ်လနဲ့ မွေးလို့တဲ့။ သူများကလေးတဲ့၊ သူ့ကလေးမဟုတ်ဘူးတဲ့ ဆရာမရယ်၊ အဲဒီကောင်ဟာလေ အင်မတန် မနာလိုဝန်တို၊ မသင်္ကာစိတ်ရှိတဲ့ကောင်၊ အဲဒီတုန်းက ကျွန်မတို့ အဖေက ရှိသေးတယ်။ အဖေက ဓား–ထ–ထဆွဲလို့ တားရတာက တစ်မျိုး။ အမေဆုံးရတာကလည်း မိခင်လေးစိတ်ပဲ"

"ခုတော့ သူ့ဟာနဲ့သူ အေးအေးဆေးဆေးပဲ မဟုတ်လား တင်တင်ရဲ့"

"မသိပါဘူး၊ သူတို့ဘာသူတို့ အေးချင်အေး၊ မအေးချင်နေ၊ မေးလည်း မမေးဘူး၊ စုံလည်း မစုံစမ်းဘူး၊ ကြားလည်း မကြားချင်ဘူး"

"ကလေးကိုကော လာမတွေ့ကြဘူးလား၊ ဘာမှလဲ မပို့ဘူးလား"


mgyoe.com

mgyoe.com

"အမလေး ဝေး– ဝေး၊ ကောင်မကတော့ မလာရဲလို့ ပြောတာပဲ။ အကောင်ကတော့ ဝေလာဝေးပေါ့၊ သူ့ကလေးလို့မှ မထင်တာကို။ ဘာမှလည်း မပို့ပေါင်ပြောရင် ကျွန်မမုသားပြောတယ်ဖြစ်ဦးမယ်၊ ဟိုတလောက သူ့အမေက ဒေါ်လီရုပ်တစ်ရုပ်တော့ ထည့်ပေးလိုက်ပါတယ်"

ဒေါ်လီရယ်၊ ကြီးတော်ရဲ့အသံကျယ်ကြီးကလေ တစ်ခန်းလုံးကို ဖုံးထားတော့တာပဲ။ ငါ့အဖေနဲ့ အမေအကြောင်းတွေကို စိမ်းစိမ်းသိသွားပြီ ဒေါ်လီရဲ့။ စိမ်းစိမ်းနားထောင်နေတယ်။ ငါဒီကျောင်းမှာ ဘယ်လိုမှနေလို့ မဖြစ်ဘူးဆိုတာ ငါသိတယ် ဒေါ်လီ။

"ကဲ တင်တင်ရေ… ရပြီ၊ ကလေးထားခဲ့၊ တင်တင့် ဆီထမင်းတွေကလည်း အများကြီးပဲ"

"မများပါဘူး ဆရာမရဲ့"

"ဒီတစ်ခါ ကျောင်းပိတ်မှ တင်တင့်ဆီ ပန်းလာဝယ်ရဦးမယ်၊ ဘယ်လိုလဲ အပျိုကြီး ဒီလိုပဲနေတော့မှာလား…၊ သီတင်းကျွတ်တွေ များပြီနော်"

"အမလေး – ဒီကလေးတစ်ယောက်နဲ့ကို လင်စိတ်သားစိတ်ကုန်ပါပြီ ဆရာမရယ်၊ အသက်လည်း လေးဆယ်နီးပါပြီ။"

"ဟုတ်လား"

"သုံးဆယ့်ရှစ် ပြည့်ခဲ့ပြီ ဆရာမရဲ့၊ ကျွန်မက အကြီးဆုံး၊ သူ့အမေက အငယ်ဆုံး၊ ကျွန်မအောက်မှာ နှစ်ယောက် အဖတ်မတင်ဘူး၊ ပြီးတော့မှ မန်းလေးက အေးမောင်၊ အေးမောင်ပြီးတော့မှ ဟိုကောင်မ"

ကြီးတော်ကလေ သူပြောချင်တာတွေ ပြောပြီးတာနဲ့ လင်ပန်းအခွံနဲ့ ပန်းကန်ပြားအခွံတွေကို ခေါင်းပေါ်ပြန်ရွက်တယ်။ ငါ့ကို "ဟဲ့… ခွေးနီမ ကောင်းကောင်းနေနော်" တဲ့။ ဆရာမဝဝကြီးက "လာ သမီး သမီးအတန်းကို


mgyoe.com

mgyoe.com



ဆရာမလိုက်ပို့မယ်" တဲ့။ စိမ်းစိမ်းက ငါ့ကို လျှာထုတ်ပြတယ်။ ဟင့်အင်း ငါ ဒီမှာ မနေခဲ့ချင်ဘူး။

"ကြီးတော်... ကြီးတော်"

အပေါက်ဝရောက်နေတဲ့ ကြီးတော်နောက်ကို ပြေးလိုက်ပြီး ငါ ကျုံးဖက်လိုက်တော့ ကြီးတော်ခေါင်းပေါ်က လင်ပန်းကြီးမှောက်ကျပြီး ပန်းကန်တွေ ကွဲကုန်တယ်။

ကြီးတော်ကလေ ဆရာမဝဝကြီးဆွဲတာတောင် မရတော့ဘူး။ ငါ့ကို တရွတ်ဆွဲပြီး အိမ်ပြန်ခေါ်ခဲ့တယ်။ ကြက်ဥကြိမ်နှစ်ချောင်းပြူးနဲ့ ငါ့တင်ပါး တွေ ကျောတွေကို ရိုက်တယ်။ ပြီးတော့ ငါ့ကို ဒီအခန်းထဲထည့်ပြီး သော့ခတ် ပိတ်ထားပစ်လိုက်တယ်။ ကြီးတော် ဒီတစ်ခါ သိပ်ဒေါသဖြစ်တာပဲ ဒေါ်လီ ရဲ့။ သူသိပ်နှမြောတဲ့ တိုက်ပန်းကန်ပြား အသစ်နှစ်ချပ် ကွဲသွားတာကို သူ မကျေနပ်ဖြစ်နေတာ။ ငါ့ကို ရိုက်ရင်းနဲ့ အော်နေတယ်။ "ဟောဒါ တိုက် ပန်းကန်ပြား နှစ်ချပ်အတွက်၊ နှစ်ချပ်အတွက်" တဲ့။

ဒေါ်လီ၊ နင် ငါပြောတာ နားထောင်နေရဲ့လား။ နင် အိပ်ပျော်နေပြန် ပြီလား။ အိုး... ကျွတ် ကျွတ်၊ ငါ့ပေါင်တွေ ခြေသလုံးတွေက စပ်လိုက်တာ ဒေါ်လီရယ်၊ ကြီးတော်ရိုက်တဲ့အရာတွေနဲ့ ငါ့ရှုရှုးတွေနဲ့ ထိမိတော့ တအား နင်းစပ်တာပေါ့။ ဒီတစ်ခါကြီးတော် ငါ့ကို နနွင်းလိမ်းပေးပါတော့မလား မသိဘူး။ တံခါးကိုလည်း ညထိမဖွင့်ဘဲ ထားမှာလား မသိဘူးနော်။

ဒေါ်လီ နင်ကော ငါလိုရိုက်ခံရဖူးလားဟင်၊ နင့်မှာ ကြီးတော်ရှိလား၊ နင့်အဖေအမေကောရှိလား၊ နင့်ကို ချစ်လား။ ငါ့အမေကတော့ ငါ့ကိုချစ် တာ သေချာပါတယ်။ ငါ့အဖေကတော့ ငါ့ကို ချစ်မှာမဟုတ်ဘူး။ ငါက သူ့ကလေး မဟုတ်ဘူးတဲ့။ အမေ့ကလေးမို့တဲ့။ ဘာဆိုင်သလဲနော်၊ ကြီးတော်



mgyoe.com

mgyoe.com

ပြောတာ ငါတော့ သိပ်မယုံပါဘူး။ အဖေက ငါ့ကို ချစ်မှာပါ။ တစ်နေ့နေ့ကျ သူတို့နှစ်ယောက်လုံး ငါ့ကို လာခေါ်မှာပါ၊ လာမခေါ်လည်း ငါကြီးလာရင် သူတို့ဆီ လိုက်သွားမှာပေါ့။

နင့်ကိုလေ ငါ့အမေက ဘာတွေ မှာလိုက်သေးလဲဟင်... ဒေါ်လီ၊ ငါ့ကို ပြောစမ်းပါ၊ ငါ့ကို သူ သိပ်လွမ်းနေတယ် မဟုတ်လား၊ ငါ့အမေက ဘယ်လိုလဲဟင် ငါနဲ့တူတယ် မဟုတ်လား၊ တူပါတယ်၊ ကြီးတော်ကတောင် ပြောတယ်၊ ငါက အမေတူလို့ ညှက်တာတဲ့၊ ညှက်တာဆိုတာ ပိန်တာ၊ သေးတာကို ပြောတာပေါ့။ ထညက်(ထန်းလျက်)ကိုပြောတာ မဟုတ်ဘူး။ ငါ့အမေက ပိန်ပိန်လေးဆိုတော့ လှမှာပေါ့။ ကြီးတော်လို ဝတုတ်ကြီးဆိုရင် ဘယ်လှမလဲ၊ ဒေါ်လီ ငါ့အမေကအသား ဖြူလားဟင် ဖြူမှာပါ၊ ကြီးတော်လို မမည်းဘူး မဟုတ်လား၊ ငါ့အမေက ကြီးတော်လိုလည်း မနှမြောတတ်ဘူး မဟုတ်လား၊ မနှမြောတတ်လို့သာ ငါ့အတွက် နင့်ကိုထည့်ပေးလိုက်တာ ပေါ့နော်၊ ကြီးတော်ကတော့ တကယ်ကပ်စေးနှဲတာ၊ နင်က မသိလို့၊ ငါတို့အိမ်ကြီး တစ်အိမ်လုံးမှာလေ မီးလုံးတစ်လုံးပဲ ရှိတယ်၊ အဲဒါ ဘုရားစင်က မီးလုံး၊ အဲဒီမီးလုံးကို မှောင်မှဖွင့်ရတယ်၊ ကြီးတော့်အိပ်ခါနီး ဘုရားရှိခိုးပြီးတာနဲ့ ပိတ်ရတယ်၊ နေ့ခင်း ငါဖွင့်ဆော့လို့ရှိရင် ရိုက်ရော။

ထမင်းချက်ဖို့လည်း ကြီးတော်က ဘယ်တော့မှ ထင်းမဝယ်ဘူး၊ ခြံထဲ မှာရှိတဲ့ သစ်ကိုင်းတွေကို သူနဲ့ငါနဲ့ထင်းခွေရရတယ်၊ ထင်းကလည်း မကုန်ပါဘူး၊ ထမင်းတစ်အိုးနဲ့ ဟင်းတစ်အိုးပဲ ချက်တာ၊ ဟင်းကလည်း ခြံထဲက အသီးအရွက်တွေနဲ့ နှစ်ပေါက်ဝယ်ထားတဲ့ ငါးခြောက်နံ့နံ့ကြီးကို ရောချက်ထားတဲ့ ငါအမုန်းဆုံးဟင်းချည်းပဲ ချက်တယ်။

ကြီးတော်က အမဲသား၊ ဝက်သား၊ ခြေလေးချောင်းပါတဲ့ တိရစ္ဆာန်တွေ


mgyoe.com

mgyoe.com



ရဲ့အသားကို မစားရဘူးတဲ့၊ ပြီးတော့လေ အိမ်နေရင်းမှာ ငါအမြဲတမ်းဝတ်ဖို့ ထဘီစအစုတ်တွေနဲ့ စပ်ချုပ်ထားတဲ့ စပ်ထဘီအသေးလေးနှစ်ထည် ချုပ်ပေးထားတယ်။ ရှင်မီးအင်္ကျီနှစ်ထည်၊ ဒါပဲဝတ်ရတယ်၊ ငါ့မှာ ဂါဝန်အသစ်နှစ်ထည်ရှိတယ်၊ သူဝယ်ပေးတာက တစ်ထည်၊ ဘထွေးအေးမောင် ဝယ်ပေးတာက တစ်ထည်၊ ဝယ်ထားတာ ကြာလှပေမဲ့ အသစ်ကျပ်ချွတ်ကြီးပဲ ရှိသေးတယ်၊ သစ်မှာပေါ့၊ ဝတ်မှ မဝတ်ရတာကိုး၊ ငါဖြင့် အဲဒီဂါဝန်နှစ်ထည်ကို ဘုရားပွဲတုန်းက တစ်ခါ၊ ဘထွေးအေးမောင်တို့ဆီ မန္တလေးသွားတုန်းက တစ်ခါ ဒါပဲဝတ်ဖူးတယ်၊ အခု ကျောင်းအပ်တော့ တစ်ခါပေါ့၊ သူဝယ်ပေးထားတဲ့ ဂါဝန်အသစ် ရှုရှုးတွေရွဲနေတာများမြင်ရင် ကြီးတော် ဘယ်လောက် စိတ်ဆိုးလိုက်မလဲနော်။

ကြီးတော်မှာ ထဘီတွေ အင်္ကျီတွေ အများကြီးရှိတယ် ဒေါ်လီ၊ သေတ္တာနဲ့ နှစ်လုံးတောင်၊ သူ့အမေရဲ့ ထဘီတွေ၊ အင်္ကျီတွေလည်း ပါတယ်။ ကြီးတော်က အဲ့ဒါတွေကို ဘယ်တော့မှ မဝတ်ဘူး။ သူအိမ်နေရင်း ဝတ်တာ ငါ့လို စပ်ထဘီကြီးပဲ။ သူမှာ စပ်ထဘီ သုံးထည်ရှိတယ်။ အဲဒါတွေပဲ လှည့်ဝတ်တာပဲ။ အင်္ကျီကလည်း ဖျင်စ ထူထူကြီး တစ်ထည် (ဆောင်းတွင်းကျမှ ဝတ်တာ)။ ပိတ်အင်္ကျီလက်ပြတ် နှစ်ထည်၊ ဒါပဲ ဝတ်တာပဲ။ ထမင်းချက်တဲ့ ဒန်အိုးတွေကို ဆပ်ပြာကြမ်းတွေ ဘာတွေနဲ့ တိုက်မဆေးရဘူးတဲ့။ ပါးမှာ စိုးလို့တဲ့။ ရေနဲ့ပဲ ဆေးရတယ်။

မနက်မလင်းသေးဘူး၊ ကြီးတော်က ထမင်းချက်တာပဲ။ ထမင်းချက်ပြီးရင် ငါ့ကိုနှိုးပြီး ထမင်းကြမ်း စားကြတယ်။ စားပြီးတာနဲ့ ကြီးတော်က နှင်းဆီရုံက နှင်းဆီပန်းတွေကို ကိုက်ပြီး အစည်းလေးတွေ စည်းတယ်။ ကြီးတော် ပန်းစည်းနေတုန်းမှာ ငါက သနပ်ခါးလိမ်းရတယ်။ သနပ်ခါးခဲကို



mgyoe.com

လည်း ဖိပြီး တအားသွေးရင် ကြီးတော်က ဆူရော။ ဖွဖွလေးပဲ သွေးရတယ်။ ပြီးတာနဲ့ နှင်းဆီပန်းဖန်းလေး ခေါင်းပေါ်ရွက်ပြီး ပန်းရောင်းထွက်ရတယ်။ စိမ်းစိမ်းတို့ခြံတွေဆီကိုတော့ မဟုတ်ဘူး။ ငါတို့ခြံတွေနဲ့ မနီးမဝေးက ရပ်ကွက်တွေဆီကို။ နှင်းဆီပန်းတစ်စည်းကို တစ်မတ်ရောင်းရတယ်။

နှင်းဆီပန်းတွေကုန်လို့ ငါပြန်လာရင် ကြီးတော် သစ်ပင်ရေလောင်းနေပြီ။ ဆူးပုပ်စည်းတို့၊ ကင်းပုံရွက်စည်းတို့၊ ကျီးအာရွက်စည်းတို့တွေ စည်းပြီးနေပြီ။ လာယူမယ့် ဖောက်သည်ကိုစောင့်ရင်း ကြီးတော်က ရေလောင်းတာ။ ငါလည်း ဖန်းလေးချပြီး သူနဲ့အတူ ရေဝင်လောင်းရတာပဲ။ သကြီန်တွင်းမှာ ရေပက်တဲ့ပုံးလေး ငါနိုင်ကတည်းက ကြီးတော် ငါ့ကို ရေလောင်းခိုင်းတာပဲ။ ကြီးတော် ခဏခဏပြောတဲ့ စကားရှိတယ်။ ငယ်ငယ်ကတည်းက ကျိုးကျအောင် ခိုင်းထားမှ တော်ရုံကျမှာတဲ့...။

ရေလောင်းပြီးလို့ ဖောက်သည်တွေလည်း ဟင်းရွက်စည်းတွေယူသွားပြီးရင် ဆွမ်းခံလာရော။ အဲဒီကျ ကြီးတော်က ဆွမ်းလောင်းတယ်။ ဆွမ်းဟင်း ထည့်တယ်။ ဘုန်းကြီးကို ထန်းလျက်ကပ်တယ်။ ငါသိပ်မုန်းတဲ့ ထန်းလျက်ပေါ့။ ကြီးတော်က ငါ့ကို ဘယ်တော့မှ မုန့်ဖိုး မပေးဘူး။ ငါ သရေစာစားဖို့ ထန်းလျက် အမြဲဝယ်ထားတယ်။ ဒါပဲ စားရတယ်။ ဘုန်းကြီး ဆွမ်းခံပြန်ကြွသွားရင် ကြီးတော်နဲ့ငါ ထမင်းစားကြတယ်။

ထမင်းစားပြီးရင် ငါသိပ်စိတ်ညစ်တဲ့အလုပ်တစ်ခု လုပ်ရပြန်ရော။ အိမ်ကြီးအပေါ်ထပ်က တံခါးတွေကိုဖွင့်ပြီး ခိုချေးတွေ လှည်းရတဲ့ အလုပ်ပေါ့။ လူမမာ ညည်းသံလို ကြက်သီးထစရာကောင်းတဲ့ ခိုညည်းသံတွေကို ငါသိပ်မုန်းတာပဲ ဒေါ်လီရယ်။

ခိုတွေကလေ... အိမ်ကြီးပေါ်မှာ အများကြီး အသိုက်ဖွဲ့ပြီးနေ



mgyoe.com

mgyoe.com



ကြတယ်။ မောင်းထုတ်လို့လည်း မရဘူး။ ငါနဲ့ ကြီးတော်က အောက်ထပ်မှာပဲ အိပ်တော့ အိမ်ပေါ်မှာ သူတို့ပဲ နေနေကြတော့တာပဲ။

အဲ့ဒီအချိန်မှာ ကြီးတော်က တစ်ရေးအိပ်တယ်။ ငါ့ကိုလည်း အိပ်ခိုင်းတယ်။ ဒါပေမဲ့ ငါကတော့ မအိပ်ပါဘူး။ ခြံနီးနားက ကလေးတွေနဲ့ ငါသွားကစားတာပေါ့။ စိမ်းစိမ်းတို့နဲ့ပေါ့။ ဒါက အစတုန်းကပါ။ နောက်တော့ ငါ သူတို့နဲ့ မကစားရဲတော့ပါဘူး။

ကြီးတော်က သူနိုးလာရင် ရေတွင်းမှာ ရေချိုးတယ်။ ရေချိုးရင်လည်း ကြီးတော်က ဘယ်တော့မှ အမွှေးဆပ်ပြာ မတိုက်ဘူး။ ဘထွေး အေးမောင်ပေးတဲ့ အမွှေးဆပ်ပြာကို အကြာကြီး သိမ်းထားပြီးမှသုံးတော့ မွှေးလည်း မမွှေးတော့ဘူး။ ရေချိုးပြီးရင် ကြီးတော်က ရေနွေးတစ်ကရားနှင့် ထန်းလျက်စားတယ်။ ငါ့လည်း ကျွေးတယ်။ ငါကတော့ တစ်ခဲပဲစားပြီး တစ်ခဲကို လွှင့်ပစ်လိုက်တာပေါ့။

ညနေပိုင်းကျရင်တော့ ငါတို့အိမ်မှာ လူဝင် လူထွက်များလာတယ်။ ကြီးတော် ပိုက်ဆံချေးထားတဲ့လူတွေ ပိုက်ဆံလာဆပ်ကြတာတို့၊ လာချေးတာတို့ပေါ့။ ကြီးတော်က အဲဒီလူတွေနဲ့ စကားအော်ကျယ်အော်ကျယ် ပြောတယ်။ ရယ်တယ်၊ ရန်ဖြစ်တယ်။

အစကတော့ အဲ့ဒီလူတွေလာရင် ငါ ပျော်ပါသေးတယ် ဒေါ်လီရယ်။ သူတို့စကားတွေကို နားထောင်ရတာ၊ သူတို့ပါလာတဲ့ ကလေးတွေနဲ့ ငါ ကစားရတာ ပျော်စရာပေါ့။ ဒါပေမဲ့ တချို့မိန်းမကြီးတွေက ငါ့ကို မြင်တာနဲ့ ငါ့အဖေအမေအကြောင်းကို ပြောကြတယ်။ မေးကြတယ်၊ ကြီးတော်ကလည်း ပြောရော။

ငါ့အဖေနဲ့ အမေအကြောင်းကို မသိခင်ကတော့ ငါ နားထောင်တာ



mgyoe.com

mgyoe.com

ပေါ့။ ကြီးတော်က နားမထောင်စေချင်လို့ သွားကစားခိုင်းလည်း ငါ ချောင်း နားထောင်တာပ။ နောက်ကျတော့ ငါနားမထောင်ချင်တော့ဘူး။ သူတို့က ငါ့အဖေ အမေအကြောင်းကို မကောင်းပြောကြတာ။

မသိချင်ပါနဲ့ ဒေါ်လီရယ်၊ နင်စိတ်မကောင်းဖြစ်သွားလိမ့်မယ်။ ငါ ကတော့ သူတို့ပြောတာတွေကို မယုံပါဘူး။ ငါ့အဖေက နောက်မိန်းမတစ် ယောက် ယူထားပြီး ရန်ကုန်မှာ နေတာတဲ့။ ငါ့အမေကလည်း နောက် ယောက်ျားတစ်ယောက် ယူထားပြီး ရန်ကုန်မှာ နေတာတဲ့။ ဟုတ်လား ဟင်.. ဒေါ်လီ၊ ငါ့အမေက ဘယ်သူနဲ့ နေတာလဲ၊ သူ့မှာ ယောက်ျားရှိလား၊ အဲဒီယောက်ျားကို ငါ့အမေက ဘယ်လိုခေါ်လဲ။ ကိုကျော်ဌေးလို့ခေါ်တာ နင်မကြားဘူးလား။ ပြီးတော့ အမေတို့ နေတာ ပိုက်ဆံချမ်းသာလားဟင်၊ ကြီးတော် ပြောတာ ငါကြားဖူးတယ်။ ငါ့အမေက ပိုက်ဆံချမ်းသာတယ်တဲ့ သိလား။ ဗိုက်ဆာလိုက်တာ ဒေါ်လီရယ်၊ ဘယ်အချိန်တွေ ရောက်နေပြီလဲ။ ညရောက်ပြီလား မသိဘူးနော်၊ နင်လည်း သိပ်ဆာနေမှာပဲ။ ဒီတစ်ခါတော့ ကြီးတော်က ငါ့ကို သိပ်စိတ်ဆိုးသွားပြီ ထင်ပါရဲ့ဟယ်။

ငါ့ကို ဘယ်တော့မှ တံခါးမဖွင့်ပေးတော့ဘူး ထင်တယ်နော်။ အဲဒါ ဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ ဒေါ်လီ။ ဟော... ကြားလား.. ကြားလား၊ အဲဒါ ခိုညည်းသံ၊ ခိုညည်းသံ၊ ဘယ်လောက် ကြောက်စရာကောင်းလဲနော်၊ ခိုတွေ အစာရှာပြီး ပြန်လာကြတာ၊ အိပ်တန်းလာတက်ကြတာ။ ဒါဆို မိုးချုပ် တော့မယ်၊ ညရောက်တော့မယ်။

ကြီးတော် သော့လာမဖွင့်ပေးရင် ဒီအိမ်ပေါ်ထပ်ကြီးမှာ ငါတို့ နှစ် ယောက်တည်း တစ်ညလုံးနေရတော့မယ်။ အို... ငါ ကြောက်တယ် ဒေါ်လီ၊ ငါ သိပ်ကြောက်တာပဲ။ နားထောင်စမ်း၊ နားထောင်စမ်း ဒေါ်လီ၊ ကျွီ...


mgyoe.com

mgyoe.com


ကျွီ… ရှပ်… ရှပ်… တဲ့။

ကြီးတော်လာပြီထင်တယ်။ အို… ကြွက်သံ မဟုတ်ပါဘူး။ ကြွက်တွေရဲ့အသံဆို နီးနီးလေးက ကြားမှာပေါ့။ ကြွက်တွေက ဒီအခန်းထဲမှာတင်ရှိတာပဲ။ ခုဟာက လှေကားလက်ရန်းက အသံ၊ လှေကားလက်ရန်းကို ကြီးတော်အားပြုလို့ရှိရင် ကျွီ… ကျွီနဲ့ မြည်တတ်တယ်။ ပြီးတော့ ကြီးတော်က လမ်းလျှောက်ရင် ရှပ်တိုက်ပြီးလျှောက်တော့ သူ့ခြေသံကို ငါသိပါတယ်။

အို… ခိုတွေကလည်း ဆူညံနေတာပဲ။ ဘာသံမှကို မကြားရတော့ဘူး။ ခုနတုန်းက ငါ သေချာကြားလိုက်ပါတယ်။ ဒေါ်လီရယ်။ ကြီးတော်လာတဲ့အသံပါ။ ငါ့စိတ်ထင်တာ မဟုတ်ပါဘူး။ ဟင့်အင်း… ဟင့်အင်း မဟုတ်ပါဘူး။ သရဲခြောက်တာ မဟုတ်ပါဘူး။ ငါတို့အိမ်မှာ သရဲမရှိပါဘူး။

ကြီးတော်က ပြောဖူးတယ်။ အဘိုးနဲ့ အဘွားသေတာ ဒီအိမ်ပေါ်ထပ်မှာတဲ့။ သေတယ်ဆိုတာကလည်း သေရင် သရဲဖြစ်တယ်လို့ စိမ်းစိမ်းပြောတာဟုတ်သလား။ မဟုတ်ပါစေနဲ့နော်။ အဘိုးနှင့်အဘွား သရဲမဖြစ်ပါစေနဲ့။

အို… ဒေါ်လီ၊ ငါ့ရှူရှုးတွေ ပေါက်မိပြန်ပြီ။ ကြီးတော်ကတော့ ငါ့ကို ထပ်ရိုက်တော့မှာပဲ။ ဟော… ကျွီ… ကျွီ… တဲ့၊ ရှပ်… ရှပ်… တဲ့။ ကြီးတော် လာပြီ၊ ကြီးတော် လာနေပြီ။ ကြီးတော်မဟုတ်ဘဲ သရဲတော့ မဖြစ်ပါစေနဲ့နော်၊ အမလေး ခိုသံတွေကလည်း ဝုန်းခနဲ…။

"ဟဲ့… ဒီခိုတွေဟာလေ"

ကြီးတော်လာပြီ ဒေါ်လီ၊ ဒီတစ်ခါ အဟုတ်လာတာ။ ခိုတွေက ကြီးတော်ကိုမြင်လို့ လန့်ပြီး ထပျံကြတာ။ ငါတို့နှစ်ယောက် ထမင်းစားရတော့မယ် ဒေါ်လီ။ ကြားလား၊ ကြီးတော် သော့ဖွင့်နေတဲ့အသံ။

"ဘယ်တော့မှ အမှတ်သည်းခြေရှိမယ့် ကလေးမဟုတ်ဘူး။ ဘယ်


mgyoe.com

mgyoe.com

လောက်ပဲ ဆုံးမ ဆုံးမ ပြောရင်းဆိုရင်း လှော်တွင်းနက်ဆိုတာ ဒီလို အစား မျိုး"

ဟော... တံခါးပွင့်သွားပြီး ဒေါ်လီ၊ တံခါးကြားကနေ ကြီးတော်ရဲ့ စပ်ထဘီအနားကြီး အရင်ထွက်လာပြီ။ နေရောင်ကို နည်းနည်းလေးပဲ မြင်ရတယ်။ မိုးချုပ်နေပြီ ဒေါ်လီရဲ့။

"ခွေးနီမ၊ ခွေးနီမ... လာ ထွက်ခဲ့လေ၊ ဟင်း... ကြည့်စမ်း သေးစော်နံလိုက်တာ၊ ညည်းဂါဝန်အသစ်ထဲမှာ သေးတွေ ပါချထားတယ် ဟုတ်လား"

"သမီး ကြောက်လို့"

"ငါ့ကို ငိုသံပါနဲ့ စကားမပြောနဲ့၊ ညည်းကို ဘယ်နှခါရှိပြီလဲ ငါပြောတာ၊ အိပ်ရာထဲမှာ သေးမပါရဘူး။ ဂါဝန်ထဲမှာ သေးမပါရဘူး ဆိုတာ"

ကြီးတော် ငါ့ကို ထပ်ရိုက်မလား မသိဘူး ဒေါ်လီ၊ ရိုက်ချင် ရိုက်ပါစေ ငါဒီအခန်းထဲက ထွက်ရရင် ပြီးတာပဲ။ ငါ အောက်ထပ်ကို မြန်မြန် ဆင်းရရင် ပြီးတာပဲ။

အောက်ထပ်ကို ကြီးတော် ဆွဲချသွားတာ ငါနာရမှန်းတောင် မသိဘူး၊ ကြီးတော် ဟင်းနွှေးထားတဲ့အနံ့က ဗိုက်ကို ဆာလာတာပဲ။ နင်ကော သိပ်ဆာနေပြီလားဟင်။

"ပေးစမ်း ဒီဒေါ်လီရုပ်ကို"

မလုပ်ပါနဲ့ ကြီးတော်ရဲ့၊ ဒေါ်လီ နာသွားသေးဟင်၊ ခဏလေးနော်၊ ပြီးရင် နင့်ကိုငါ ပြန်ချီထားပါ့မယ်။

"အကျီချွတ်၊ သွား ရေတွင်းသွား ရေချိုး၊ ဆပ်ပြာတိုက်ချိုးနော်၊ ဂါဝန်ကိုတော့ ကျွန်မကြီးပဲ လျှော်ပါ့မယ်"


mgyoe.com

mgyoe.com


ငါ ရေမြန်မြန်သွား ချိုးလိုက်ဦးမယ်…နော်၊ ဆပ်ပြာမတိုက်ဘဲ ငါ ချိုးမှာ၊ ဆပ်ပြာရည်တွေနှင့်ထိရင် ငါ့ကျောတွေ တအားစပ်တာ၊ ကြီးတော်ရဲ့ ဆပ်ပြာနံ့နံ့ကြီးကိုလည်း မတိုက်ချင်ပါဘူး။

ရေနဲ့ထိတာကိုက တအားစပ်တာပဲ ဒေါ်လီ၊ ငါမြန်မြန်ချိုးမှ ဖြစ်မယ်။ ရေတွင်းနားကလည်း သစ်ပင်တွေနဲ့ မှောင်တယ်၊ ပြီးတော့ ဟိုဘက်ခြံကနေ ငါ့ကို စိမ်းစိမ်းချောင်းကြည့်နေမှာစိုးတယ်။

"လာခဲ့၊ ရေသုတ်ပြီးရင် ဒီကွပ်ပျစ်ပေါ် လာမှောက်"

ငါ့ဖြင့် လန့်သွားတာပဲ ဒေါ်လီရယ်၊ ကြီးတော်က ထပ်ရိုက်ဦးမှာလား လို့။ တော်ပါသေးရဲ့၊ ကြီးတော်လက်ဖဝါးထဲမှာ နနွင်းတွေ ဖျော်ထားတယ်။

ကြီးတော် ရေနွေးသောက်တဲ့ ကြီးတော်နဲ့ ငါ ထမင်းစားတဲ့ကွပ်ပျစ်ပေါ်မှာ ငါမှောက်လိုက်တယ်။ အံကိုလည်း ကြိတ်ထားရသေးတယ်။ နနွင်းနဲ့ ထိရင် စပ်တော့မှာ ဒေါ်လီရဲ့။

"ညည်းကို ကြီးတော်က ကောင်းစေချင်လို့၊ လိမ္မာစေချင်လို့ ရိုက်ရ၊ နှက်ရ၊ ဆုံးမရတာ။ ညည်းအတွက်ဆိုတာ ညည်းသိ၊ ကိုယ့်ဘဝကိုယ်သိ၊ ကြီးတော် ပြောတာကိုမှ ညည်းနားမထောင်ရင် ညည်းဘယ်လိုလုပ်မလဲ၊ ညည်းမှာ အားကိုးစရာဆိုလို့ ကြီးတော်ပဲ ရှိတယ်။ ညည်းအဖေနဲ့ အမေဆိုတာ ခေါင်းထဲ ထည့်ထားမနေနဲ့၊ သေရွာသွားကုန်ကြပြီလို့ပဲ သဘောထားလိုက်၊ အေးမောင်က ညည်းကို အလိုလိုက်လို့ အေးမောင်ကိုလည်း အားကိုးမနေနဲ့။ သူ့မှာ သူ့သားသမီးတွေနဲ့မှ အနိုင်နိုင်။ ညည်းနားလည်ရမှာက ငါ့မှာရှိမှ ညည်းစားရမယ်။ ညည်းဝတ်ရမယ်။ ငါလုပ်နိုင်ကိုင်နိုင်မှ ကျန်းမာမှ ညည်းမပူရမယ်၊ ဒါကို ညည်း ဘယ်တော့မှ နားမလည်ဘူး၊ ကိုယ့်ကြီးတော် စိတ်ချမ်းသာပါစေတော့ရယ်လို့ မရှိဘူး၊ အမြဲ ဂျစ်တီးဂျစ်ကတ်၊ ကတ်တီး


mgyoe.com

mgyoe.com

ကတ်ဖဲ့... ပြောရရင် မကောင်းဘူး။ ညည်းအမေနဲ့ ညည်းဟာ တစ်ပုံတည်း၊ ပြန်မပြော နားမထောင်၊ ပျော့အိအိ မြဲ့စိစိနဲ့ အားကိုမရဘူး၊ ဘာမှ ပွင့်ပွင့် လင်းလင်း မရှိဘူး"

အိုး... စပ်လိုက်တာ ဒေါ်လီရယ်၊ စပ်လိုက်တာ လုပ်ပါဦး၊ ကျွတ်... ကျွတ်။

"မျက်ရည်ကျမလာနဲ့၊ ခဏနေ ပျောက်သွားမှာ၊ နောက်တစ်ခါ စကားနားမထောင်ရင် ဒီလိုပဲ နာမယ်လို့ မှတ်ထား၊ ထ... မတ်တတ်ရပ်၊ အကျႌဝတ်၊ ပြီးရင် ထမင်းစားမယ်"

ငါ အကျႌဝတ်ပြီးရင် နင့်ကို ခေါ်မယ်နော် ဒေါ်လီ၊ စားပွဲပေါ်မှာ နင် မှောက်ရက်လေး နေနေရတာ မွန်းနေပြီလား။

"ယူပြန်ပလား ဒီဒေါ်လီရုပ်ကို၊ မကဲနဲ့နော် ခွေးနိမ၊ ငါ တစ်ခါတည်း ဒေါ်လီရုပ်ကို တူနဲ့ ထုချေပစ်လိုက်မယ်၊ ဘာမှတ်လဲ"

"မကြောက်ပါနဲ့ဒေါ်လီရယ်၊ ကြီးတော်က အဟုတ်မလုပ်ပါဘူးနော်"

"ထားခဲ့၊ အဲဒီအရုပ်ကို၊ ငါပြောတာ နားထောင်စမ်း၊ ညည်းနက်ဖြန် ကျောင်းလိုက်ရမယ်နော် ကြားလား"

".... .... ...."

"ဟဲ့... ပြောတာ ကြားလား၊ နင် ပါးစပ်မပါဘူးလား"

"ကြားတယ်"

"အေး၊ ကျောင်းမှာ ကောင်းကောင်းနေရမယ်၊ ဆရာမပြောတာ နား ထောင်ရမယ်၊ ရန်တွေ ဘာတွေလည်း မဖြစ်ရဘူး၊ ကြားလား၊ ဟဲ့... ကြားလားလို့ဆို"

"... ... ...."


mgyoe.com

mgyoe.com


"ငါ့ကို ခေါင်းမညိတ်နဲ့၊ ခေါင်းမညိတ်နဲ့၊ ကဲ... နင်ဟာလေ အရိုက်ခံရမှ အသံက ထွက်တယ်။ မဲ့နေပြန်ပလား၊ မျက်နှာက... ပြောစမ်း ငါပြောတာတွေ မှတ်မိလား"

"မှတ်မိတယ်"

"အေး... နက်ဖြန်ကစပြီး ဟို ဒေါ်လီရုပ်ကို ဂျပ်ဘူးထဲမှာ သိမ်း၊ ကျောင်းပိတ်မှပဲ နင်ကိုင်ရမယ်၊ ကြားလား ငါပြောတာ"

ဟင့်အင်း... မကြားဘူး၊ မကြားပါဘူး။

ကြီးတော်ကို ငါမချစ်တော့ဘူး ဒေါ်လီ...။

ကြီးတော်ကို ငါမုန်းတယ်။

* * *

"င ရေး ချ ဝစ္စနှစ်လုံးပေါက် ငါး"

"င ရေး ချ ဝစ္စနှစ်လုံးပေါက် ငါး"

"နငယ် ရေးချနာ"

"နငယ် ရေးချနာ"

"ရကောက် ရေး လုံးကြီးတင် ဆန်ခတ် ရီ"

"ရကောက် ရေး လုံးကြီးတင် ဆန်ခတ် ရီ"

"ငါးနာရီ"

"ငါးနာရီ"

စာအော်သံတွေကလည်း ဆူညံနေတာပဲ၊ နားညည်းလိုက်တာ၊ ညနေဝင်ခါနီး ခြံထဲက တမာပင်ပေါ်မှာ အော်တဲ့ ပုစဉ်းရင်ကွဲတွေ ကျနေတာပဲ။ ငါတော့ လိုက်မဆိုချင်ပါဘူး ဒေါ်လီရယ်။ ငါလေ နင့်အတွက် ဝမ်းနည်း


mgyoe.com

mgyoe.com

နေမိတယ် သိလား၊ ငါ့လက်သည်းငုံးတိုလေးတွေကို ကိုက်ပြီး နင့်အကြောင်းကိုပဲ စဉ်းစားနေချင်တယ်။

ကြီးတော်ဟာ သိပ်ရက်စက်တာပဲနော်။

ကြီးတော် ပစ်ပေါက်လိုက်တော့ နင် သိပ်နာသွားမှာပဲနော်၊ ငါ သိပါတယ်။ နာလွန်းလို့ နင့်မျက်လုံးလေးတွေ မပိတ်နိုင်တော့တာ မဟုတ်လား။

နင် ခုဆို အိပ်လို့ မရတော့ဘူးနော်၊ ငါ သနားလိုက်တာဟာယ်။ ညတိုင်း ညတိုင်း နင် မအိပ်ရရင် သေသွားမှာလား။

ကြီးတော်သာ နင့်ကို အဲလိုလုပ်မယ်မှန်း သိရင် ငါလေ နင့်ကို မြန်မြန် သွား သိမ်းပါတယ်။ အတင်းပွေ့ချီမထားပါဘူး။ ကြီးတော်ကလေ ငါ စာ မဖတ်တတ်တာ နင့်ကြောင့်လို့ ထင်နေတာ။ ငါစာမကျက်ဘဲ နင်နဲ့ ကစား နေလို့ လို့ ထင်နေတာ။

ငါ စာဖျင်းတဲ့အကြောင်း ဆရာမကလည်း ကြီးတော်ဆီ ပန်းလာဝယ်ရင်း တိုင်သွားတယ်ဟ… သိလား။ ဘာဆိုင်လဲ ဟာ၊ ငါ့ဘာသာ ငါ စာဖျင်းတာ၊ နင်နဲ့ ဘာဆိုင်လဲနော်။

ခုတော့ အလကား သက်သက်မဲ့ နင်ပစ်ပေါက်ခံရတယ်။

ငါလေ ကြီးတော် ပြောတာမရဘဲ နင့်ကို ပြေးပွေ့လို့ ရိုက်ခံရတာ၊ မနာပါဘူး။ နင့်ကို ငါ့ရင်ခွင်ထဲ ပွေ့သိပ်ကြည့်လို့ နင့်မျက်လုံးလေးတွေ ပိတ်ပြီး မအိပ်တော့တာ တွေ့တော့လေ… ငါ့ရင်ထဲမှာ နာနေတာပဲ ဒေါ်လီ… ခုဆို နင်က ငါလှုပ်လိုက်ရင် ငါ့ကိုပြန်ပြီး ပြောင်မပြတော့ဘူးနော်။

မျက်လုံးလေး ပေကလတ်၊ ပေကလတ်၊ လျှာကလေး တစ်လစ် တစ်လစ်နဲ့လေ၊ ငါနင့်ကို ဘယ်လိုများ ဆေးကုပေးရပါ့မလဲ ဒေါ်လီရယ်။


mgyoe.com

mgyoe.com


မအိပ်ရတာကြာရင် နင်သေသွားလိမ့်မယ်။

"ခွေးနိမ… စာဘာလို့ လိုက်မဆိုလဲ"

ဟယ်… ဒေါ်လီရေ၊ ငါစာလိုက်မဆိုတာ ဆရာမ တွေ့သွားပြီ။ သူ ငါ့ဆီလာနေပြီ၊ စာအော်သံတွေလည်း ငြိမ်သွားပြီ။ အဲဒီဆရာမကိုလေ၊ ငါ မချစ်ဘူးသိလား ဒေါ်လီ၊ သူက ကြီးတော်ကို တိုင်တဲ့ဆရာမ၊ ငါ့ကို ခွေးနိမ လို့ ခေါ်တဲ့ ဆရာမ၊ သူကခေါ်တော့ ငါ့ကို တစ်တန်းလုံးကလည်း ခွေးနိမ… တဲ့။ ငါ့နာမည်ခင်ကျော်လေးဆိုတာ သူတို့ မသိကြဘူးလား။

"ထ… မတ်တတ်ရပ်၊ ဘာဖြစ်လို့ စာလိုက်မဆိုလဲ၊ လက်သည်းတွေ ကိုပဲ ကိုက်နေရတာလဲ၊ လက်ပိုက်ထား ခွေးနိမ…"

ဆရာမကလေ သူ့လက်ထဲက ကြက်ဥကြိမ်လုံးလေးကို ကြီးတော် ကြီးလို ပွတ်သပ်နေတယ်။

"သွား…၊ ရှေ့ထွက်၊ စာထောက်စမ်း"

ဆရာမဆီက စာထောက်ဖို့ ကြိမ်လုံးကို ငါလှမ်းယူလိုက်ရတယ်။ ငါ့လက်တွေရော၊ ဒူးတွေရော တုန်နေတာပဲ။ ငါလူတွေရှေ့မှာ စာမထောက် ချင်ဘူး ဒေါ်လီ။ ငါ့ဘာငါ တိတ်တိတ်ကလေးပဲ ကျိတ်ဖတ်ချင်တယ်။ ငါ အသံထွက်ပြီး စာထောက်ရင် တအားထစ်တာ။

"အသံကျယ်ကျယ်ဖတ်၊ ထစ်အ… ထစ်အ မလုပ်နဲ့"

ဘောပေါ်က 'ငါး' ဆိုတဲ့ စာလုံးကို ကြိမ်လုံးနဲ့ ငါထောက်လိုက် တယ်။ ကြိမ်လုံးကလေ 'ငါး' ပေါ်မှာ မရောက်ဘဲ 'ရီ' ပေါ်ကို ရောက်သွား တယ်။ 'င ရေးချ' ဆိုတဲ့ ငါ့အသံကလည်း တိုးတိုးလေး။

"ကျယ်ကျယ်… ကျယ်ကျယ်…၊ ကစားတုန်းက အသံတွေ ဘယ် ရောက်သွားပလဲ"


mgyoe.com

mgyoe.com

ဆရာမကလည်း တစ်ကျောင်းလုံးကြားအောင် အော်နေတော့တာပဲ။ ဟိုဘက်တန်းက စိမ်းစိမ်းတို့တောင် ကြားလောက်တယ်။

"ဆိုလေ... ဆိုလေ... ဖတ်လေ၊ ငရေးချ"

"င... င... ရေးချ"

အတန်းတစ်တန်းလုံးကလေ လိုက်မဆိုဘဲ ငါ့ကို ရယ်ကြတယ်။ ဆရာမက မျက်မှောက်ကုတ်တယ်။

"မရယ်ကြနဲ့၊ ကဲ ခွေးနီမ ဆက်ဖတ်စမ်း၊ မထစ်နဲ့နော်၊ ခုန ဆရာမ ဆိုသလိုဆို၊ ဟုတ်လား"

"င... င ရေးချ ဝစ္စ ဝစ္စနှစ်လုံးပေါက် ငါး"

"ငရေးချ ဝစ္စနှစ်လုံးပေါက် ငါး"

စာအော်သံကြီး ဟိန်းထွက်လာတယ်။ သူတို့အော်သံက ငါ့လို မထစ်ဘူး ဒေါ်လီ။ ဘာဖြစ်လို့လဲ။

"န... န... နငယ် ရေးချ..."

သူတို့ရယ်ကြပြန်ပြီ ဒေါ်လီ။ ငါလေ ငါ့လက်ထဲက ကြိမ်လုံးနဲ့ အကုန်လုံးကို သိမ်းကျုံးရိုက်ပစ်လိုက်ချင်တယ်။ အစင်း... အစင်းတွေ ထင်ပြီး နန္ဒင်းလိမ်းရတဲ့ထိကို ရိုက်ပစ်လိုက်ချင်တယ်။

"ဆက်ထောက်လေ... ဆက်ထောက်လေ... ခွေးနီမ၊ မရပ်ရဘူးလေ"

"ဟင့်အင်း.. တော်ပြီ၊ မထောက်ချင်ဘူး၊ သူတို့က ရယ်တယ်။ ကြာရင် ငိုချင်လာလိမ့်မယ်။"

"ကဲ... လာတော့... လာတော့၊ ရွှေမျက်ရည်က စို့တော့မယ်၊ ခက်တော့တာပဲ ဒီကလေးမနဲ့တော့၊ သူများချတာ သေချာလိုက်ဆိုနော်၊ ကြားလား ခွေးနီမ"


mgyoe.com

mgyoe.com


ဆရာမကို ငါ ခေါင်းညိတ်ပြပါဘူး။ ငါ ဒီစာကို စိတ်ထဲကနေ ဘာမှမထစ်ဘဲ ဖတ်တတ်တယ်ဆိုတာ သူမှ မသိဘဲ။ ငါးနာရီလာရ၏။ ငါးနာရီလာရ၏။ ငါသိပ်ဖတ်တတ်တာပေါ့။ ဆရာမက ငါးလက်သည်းကိုက်မှာစိုးလို့ လက်ပိုက်ပြီး စာလိုက်ဆိုခိုင်းတယ်။ ငါသူ့စကား နားထောင်ပြီး လက်ပိုက်ထားပါတယ်။ နေ့လယ်ကျောင်းဆင်းရင် သူမမြင်တဲ့နေရာသွားပြီး ကိုက်နေရင် ရတာပဲဟာ။

ကောင်လေးတစ်ယောက်ရယ်၊ ကောင်မလေးနှစ်ယောက်ရယ်၊ စာထောက်ပြီးတော့ ဆရာမက ဟိုဘက်တန်းက ဆရာမနှင့် စကားသွားပြောတယ်။ စာလိုက်အော်သံက နည်းနည်းတိုးသွားတယ်။ ငါကောင်းကောင်းလိုက်ဆိုနေတာပါပဲ။ ဒါပေမဲ့လေ ရှေ့ခုံကကောင်မလေး မြတ်မြတ်လေ၊ သူက ငါ့ကို လှည့်ပြီး 'န–န–န–ငယ် ရေးချ' တဲ့။ ငါစကားထစ်တာကို ပြောင်တာ။ ပြီးတော့ သူမဟုတ်သလို ရှေ့ပြန်လှည့်သွားတယ်။ သူ ဒါမျိုးလုပ်ပေါင်းများလှပြီ။ လေးတန်းက သူ့အစ်ကိုအားကိုးနဲ့လေ။ ငါတစ်ယောက်တည်းဆိုတော့ ဘာမှမပြောပါဘူး၊ ဒါပေမဲ့ သူက ခဏခဏစတယ်။ ငါ့နာမည်ခေါ်ရင်လည်း 'ခွေး–ခွေး' နဲ့ အကြာကြီး စကားထစ်ပြီး ခေါ်တယ်။

ငါလေ... နောက်ကနေပြီး သူပန်ထားတဲ့ ပန်းနဲ့ဆံပင်ကို တအားဆွဲဆောင့်ပစ်ချင်တယ်။ ပစ်ပေါက်လိုက်ချင်တယ်။ ကြီးတော်က နင့်ကို လုပ်သလိုမျိုးလေ ဒေါ်လီ။ မျက်လုံးတွေ မပိတ်ဘဲ အိပ်မရတာမျိုး၊ မြတ်မြတ်ဖြစ်သွားရင် ကောင်းမှာပဲ။ နင်မဖြစ်ဘဲနဲ့လေ ဒေါ်လီ။

"ကဲဟာ... ကဲဟာ"

ငါလေ ဘာဖြစ်သွားမှန်း မသိဘူး ဒေါ်လီ။ မြတ်မြတ်ကို ကြည့်ရင်းနဲ့ သူ့နောက်ကျောကို ပေတံနှင့်ဆောင့်ထိုးပစ်လိုက်တယ်။ မြတ်မြတ်ကလေ


mgyoe.com

mgyoe.com

မငိုဘူး။ ငါ့ကို ဒေါသတကြီးနဲ့ လှည့်ကြည့်တဲ့အချိန်မှာ ငါကံကောင်းသွားတယ်။ ဆရာမ ပြန်လာနေပြီ။ ဘာရမလဲ… ငါက လက်ပြန်ပိုက်ထားလိုက်တာပေါ့။

ဆရာမပြန်မလာလို့ မြတ်မြတ် ငါ့ကိုလုပ်လည်း ငါမကြောက်ပါဘူး။ ငါ့ပေတံနဲ့ သူ့ဗိုက်ကို အချက်တွေ အများကြီးထိုးပြီး အူတွေကိုတောင် နှုတ်ပစ်လိုက်ဦးမယ်။ ဟင့်အင်း ဒေါ်လီ။ သူ့အစ်ကိုကိုလည်း ငါ ဘာလို့ ကြောက်ရမှာလဲ။ ငါ မကြောက်ပါဘူး။ ဟော… ကျောင်းဆင်းပြီ ဒေါ်လီ။ နေ့လယ်ကျောင်းဆင်းသွားပြီ။ ငါ့ထမင်းချိုင့်လေးနဲ့ လွယ်အိတ်ကိုယူပြီး ငါကျောင်းအောက်ကို မြန်မြန်ပြေးဆင်းခဲ့တာပေါ့။ ငါဗိုက်ဆာလှပြီ။ ကြီးတော်ရဲ့ ဒီနေ့ဟင်းက ပန်းမုန်လာနဲ့ ဘဲဥကြော်တာဟ၊ ငါးခြောက်ဖုတ်ရယ်။

ကျောင်းအောက်ထပ်ဘေးနားမှာ ကပ်ဆောက်နေတဲ့ ဗာဒံပင်ရိပ်ဟာ ငါထမင်းစားတဲ့နေရာပေါ့။ စိမ်းစိမ်းတို့က ငါနဲ့ ဝေးပါတယ်။ ကုက္ကိုပင်ကြီးအောက်မှာ သူတို့က စားတာ။ အစတုန်းကတော့ ကြီးတော်ပြောလို့ စိမ်းစိမ်းက ငါ့ကို သူတို့နှင့် တူတူခေါ်စားတယ်။ ခုတော့ စိမ်းစိမ်းက ငါ့ကို ဂိုဏ်းခွဲထားတယ်။ စိမ်းစိမ်းက အဲဒါမျိုး သိပ်လုပ်တာပဲ။ သူငါ့ကို ဘာမကျေနပ်လို့လဲ မသိပါဘူး ဒေါ်လီရယ်။ ထမင်းစားပြီဆိုရင် ငါ့ကို စကားမပြောဘူး လုပ်လာတယ်။ တခြားသူတွေကိုလည်း မပြောရဘူး၊ ငါက ဟင်းထည့်ပေးတာကိုလည်း လွှင့်ပစ်တယ်။ အဲဒီကျ ငါလည်း သူတို့နဲ့တူတူ ဝိုင်းမစားတော့ဘူး။ ငါ့ဘာသာ ငါတစ်ယောက်တည်း စားတော့တာပေါ့။

ဒီနေ့တော့ နည်းနည်း ထူးဆန်းတယ်ဟ၊ ဒေါ်လီသိလား။ ငါတစ်ယောက်တည်း ထမင်းချိုင့်လေးဖွင့်နေတုန်း စိုးစိုးရောက်လာတယ်။ စိုးစိုးက


mgyoe.com

mgyoe.com



စိမ်းစိမ်းရဲ့ညီမ ငါနဲ့ရွယ်တူပေါ့။ အတန်းလည်းတူတူ၊ သူလည်း တစ်တန်း၊ ငါလည်း တစ်တန်းပဲ။ စိမ်းစိမ်းက ငါတို့ထက်နှစ်တန်းကြီးတယ်။ သူက သုံးတန်း။

"ခွေးနီမ… နင့်ကို စိမ်းစိမ်းက ခေါ်မယ်တဲ့၊ လာခဲ့တဲ့"

ငါလေ… စိမ်းစိမ်းကို မုန်းပေမဲ့ သူက ခေါ်မယ်ဆိုတော့ ဝမ်းသာသွားတယ် သိလား။ စိုးစိုးကိုလည်း ငါခေါ်ချင်တာပဲ။ ငါ… နေ့လယ်မကစားရတာလည်း ကြာပြီဒေါ်လီရဲ့။ စိမ်းစိမ်းတို့က နေ့လယ်တိုင်း ထုပ်ဆီးတိုးကြတာ။

"ငါ… အခု လိုက်ခဲ့ရမှာလား"

"အေးလေ"

ငါ ထမင်းချိုင့်လေးပြန်ပိတ်ပြီး စိုးစိုးနဲ့ လိုက်ခဲ့တယ်။ စိမ်းစိမ်းက ပြောင်ပြပြီး–

"ခွေးနီမ၊ အို့–အို့" လို့ ခေါ်တာကိုတောင် ငါ စိတ်မဆိုးမိပါဘူး။

"စိမ်းစိမ်းထုပ်ဆီးတိုးတမ်းဆော့ရင် ငါလည်းပါမယ်နော်" လို့ အလောတကြီး ပြောမိတယ်။ စိမ်းစိမ်းက ခေါင်းညိတ်ပြတော့ ငါ ဝမ်းသာလိုက်ရတာ။ ဒါပေမဲ့ ထမင်းစားပြီးလို့ ကစားကြတော့ စိမ်းစိမ်းတို့အတန်းက တခြားကောင်မလေးတွေက ငါ့ကို မပါရဘူးတဲ့။ ငါက ညှက်လို့တဲ့။ လက်တံတိုတိုလေးနဲ့ ဘယ်လိုလုပ် လူဖမ်းနိုင်မလဲတဲ့။ စိမ်းစိမ်းလည်း ဘာမှ မတတ်နိုင်ဘူး။

သူတို့ကစားတဲ့ဆောမှာပဲ ငါ ထိုင်ကြည့်နေရတာပေါ့၊ စိုးစိုးကျတော့ ပါရတယ်။ စိုးစိုးကို အရပ်သိပ်ထွားတာကိုး၊ ဝလည်း ဝတယ်။ သူနဲ့ငါနဲ့ ရွယ်တူဖြစ်ရဲ့သားနဲ့ ငါကျဘာဖြစ်လို့ ပုပြီး သေးသေးလေးဖြစ်နေရတာ



mgyoe.com

mgyoe.com

လဲ မသိဘူးနော်၊ ဒေါ်လီရေ… အဲဒီအချိန်မှာ ငါ့ဆီကို မြတ်မြတ်နဲ့ သူ့အစ်ကိုရောက်လာတော့တာပဲ။ ထမင်းဆာလို့လား မသိဘူး။ ငါမြတ်မြတ်ကို ကျောင်းဆင်းကတည်းက မေ့သွားတာ၊ မြတ်မြတ်က နူတ်ခမ်းကို စူထားတယ်။ သူထမင်းစားပြီး အိမ်က ပြန်လာတာပေါ့။ သူတို့ အိမ်က ကျောင်းနဲ့ နီးတယ်လေ။

"ဒီမယ် ကိုကို၊ ဟောဒီကောင်မလေး၊ ခွေးနီမ" တဲ့။

"နင် ဘာဖြစ်လို့ လုပ်ရတာလဲ၊ နောက်တစ်ခါဆို ဒီထက် နာမယ်"

ငါ့ခေါင်းတစ်ခုလုံး ပူပြီးနာသွားတာပဲဒေါ်လီ။ မြတ်မြတ်အစ်ကိုက ငါ့ခေါင်းကို လက်သီးနဲ့ ထိုးတာ။ ငါငိုချင်ပြီး မျက်ရည်တွေ ဝဲလာတယ်။ တစ်ကိုယ်လုံးလည်း တုန်လာတယ်။

ဒါပေမဲ့ ငါပြန်မလုပ်ရဲဘူး။ ငါဒီအတိုင်းပဲ ငြိမ်ပြီးထိုင်နေမိတယ်။ ငါ့စိတ်ထဲမှာတော့လေ မြတ်မြတ်၊ သူ့အစ်ကို၊ စိမ်းစိမ်း၊ စိုးစိုး၊ ငါ့ကို ကစားတာ မပါရတဲ့ကောင်မလေးတွေ အားလုံးကို စက္ကူစလေးတွေကို အမြွှာမြွှာဖြစ်သွားအောင် ငါ ကုတ်ဖဲ့ ဆွဲကိုက်ပစ်နေမိတယ် ဒေါ်လီ။

* * *

"ဘာတွေဖြစ်နေတာလဲဟင်"

လူမမာညည်းသံတွေ ကြားရတယ်။

သွပ်မိုးကို တူနှင့်ထုသံကြားရတယ်။ ဟုတ်တယ်၊ တူနဲ့ အချက်ပေါင်းများစွာ ထုနေတာ။ ဗြုန်းဗြုန်း၊ ဗြုန်းဗြုန်းနှင့် သွပ်မိုးကိုတူနဲ့ ထုလေ လူမမာညည်းသံတွေက ဆူညံလာလေ။

ကြောက်စရာကောင်းလိုက်တာ။ ကြီးတော်… ကြီးတော်။ ဒေါ်လီ..


mgyoe.com

mgyoe.com



ဒေါ်လီ။

ဟင်... ငါ ဘယ်ရောက်နေတာလဲ၊ ဒေါ်လီ။ သိပြီ... သိပြီ၊ ငါသိပြီ။ ငါ ဟိုအခန်းထဲမှာပဲ။

သွပ်မိုးကြီးတစ်ခုလုံး ဆူညံနေအောင် မိုးတွေ ရွာနေတာပဲ။

မိုးသံတွေကို ကြောက်လို့နဲ့ တူတယ်။ ခိုတွေက ညည်းလိုက်ကြတာ။

ဒေါ်လီ နင်မပါပေမဲ့ ငါတို့ ငယ်ငယ်တုန်းကလောက်တော့ ဒီမှောင်ခန်းကြီးကို မကြောက်တော့ပါဘူး။ သိပ်မကြောက်တော့ပါဘူး။ နည်းနည်းတော့၊ အင်း... နည်းနည်းမဟုတ်ဘူး၊ တော်တော်များများတော့ ကြောက်သေးတယ်။

ဘထွေးအေးမောင်ကတော့ ပြောတယ်။ ညည်း လူကြီးဖြစ်တော့မှာပဲ။ ကြောက်စိတ်တွေ မမွေးရဘူးတဲ့။

ဒါမှန်တာပေါ့။ လူကြီးဖြစ်တော့မှာဆိုတာ မှန်တာပေါ့။ အသက်ဆယ့်နှစ်နှစ်ဆိုတာ လူကြီးဖြစ်ခါစပဲ။ ဟင်း မပြောလိုက်ချင်ဘူး။ စိမ်းစိမ်းတို့ဆို အပျိုတောင်ဖြစ်နေပြီ။ ကြီးတော်ဟာလေ ငါ့ကို ခုထိ ကလေးလို့ ထင်နေသေးတယ်၊ ဒေါ်လီ သိပ်ရယ်စရာကောင်းတာပဲ။

ငါ့ကို ခုထိ ဂါဝန်ဝတ်ပေးနေတုန်း၊ တွေ့ရာနေရာမှာ ရိုက်တုန်း၊ ဒီမှောင်ခန်းကြီးထဲမှာ ထည့်ပိတ်ချင်တုန်းပဲ။

ငါက ကလေးမှ မဟုတ်တော့ဘဲ။

ငါအသက် ဆယ့်နှစ်ရှိပြီ။ လေးတန်းရောက်ပြီ။ ထမင်းအိုးတစ်အိုးဖြစ်အောင် ချက်တတ်ပြီ။ ရေပုံးအကြီးကြီးတစ်ပုံး ကောင်းကောင်း ဆွဲနိုင်ပြီ။

ကဲ... နင့်ကိုတောင်မှ ငါအရင်လို တပွေ့ပွေ့တချီချီ လုပ်မှ မနေတော့



mgyoe.com

mgyoe.com

ဘဲ။

စိတ်မဆိုးနဲ့နော် ဒေါ်လီ။ ငါနင့်ကို အမြဲတမ်း ချစ်မှာပါ။ ဒါပေမဲ့ အကြောင်းကို ပြောပြတာပါ။ သူများတွေက ပြောတယ်လေ။ လူကြီးတွေဟာ အရုပ်နဲ့ မဆော့ဘူးတဲ့။ ကလေးတွေပဲ အရုပ်နဲ့ ဆော့တာပဲ။

တကယ်တော့ နင်က ငါ့ရဲ့အရုပ် မဟုတ်ပါဘူးနော်။ ငါရဲ့ သူငယ်ချင်းပါ။ ငါချစ်တဲ့သူငယ်ချင်းပါ။ နင့်ကိုလေ ငါ ပြင်ပေးချင်တယ်။ နင့်မျက်လုံးအပြူးသားနဲ့ ဂျပ်သေတ္တာထဲမှာ တစ်ချိန်လုံးအိပ်နေရတာကို ငါ မကြည့်ရက်ပါဘူး။

တစ်ခါတလေ ငါတစ်ယောက်တည်း ဝမ်းနည်းအားငယ်ပြီး ငိုချင်တဲ့အခါမျိုးမှာ နင့်ကို ဖက်ထားရတာ ငါသိပ်အားရှိတာပဲ သိလား။

ဒီမှောင်ခန်းကြီးထဲကို ကြီးတော်က ရုတ်တရက်သွင်းလိုက်တော့ ငါ နင့်ကို ဘယ်လိုမှ ခေါ်ချိန်မရလိုက်ဘူးဟယ်။

ကြီးတော် ငါ့ကို ရိုက်ချင်ရိုက်မယ်။ ဒီမှောင်ခန်းကြီးထဲကို (ငါ လူကြီးဖြစ်တော့မှာဆိုတော့) ထည့်မှာ မဟုတ်ဘူးလို့ ငါ ထင်တာပေါ့။

ငါ့ ပြဿနာကတော့ ထုံးစံအတိုင်းပေါ့ဟယ်။

ကျောင်းမှာ ရန်ဖြစ်တာပေါ့၊ စိမ်းစိမ်းနဲ့တော့ မဟုတ်ပါဘူး။ စိမ်းစိမ်းက အပျိုဖြစ်ပြီး ငါးတန်း ရောက်သွားလို့ ကျောင်းကြီးရောက်သွားပြီ။ ဖြစ်တာက သူ့ညီမစိုးစိုးနဲ့၊ စိုးစိုးကလေ အပျိုမဖြစ်သေးဘူး၊ သိပ်အပျိုဂိုက်ထုတ်ချင်တာပဲ။

ကျောင်းမှာ ထဘီဝတ်တယ်၊ ဆွယ်တာ ဝတ်တယ်၊ နှုတ်ခမ်းနီဆိုးတယ်။ ပန်းပန်တယ်။ ဝတ္ထုတွေ ဘာတွေလည်း ဖတ်တယ်။ အားကစားပြိုင်ပွဲတို့ ကဗျာရွတ်ပြိုင်ပွဲတို့ အိမ်တွင်းမှုပြိုင်ပွဲတို့မှာလည်း ပါလိုက်သေး


mgyoe.com

mgyoe.com



တယ်။ ဟိုဟာမ မြတ်မြတ်လည်း သူ့လိုပါပဲ။ သူနှင့်မြတ်မြတ်နဲ့က အတွဲ လေ။

ငါတော့ ဒေါ်လီရယ် သူတို့လို အပျိုမလုပ်ချင်ပါဘူး။ ကိုယ်မှ အပျို မဖြစ်သေးဘဲနဲ့နော်၊ သူတို့ဝတ်တဲ့ ထဘီတို့၊ ဆွယ်တာတို့က လှတော့ လှပါတယ်။ ငါအပျိုဖြစ်ရင် ကြီးတော်က ငါ့ကို အဲဒါမျိုး ဝယ်ပေးမှာ မဟုတ် ပါဘူး။

သူ့ထဘီတွေကိုပဲ ဝတ်ရမယ်တဲ့။ နှုတ်ခမ်းနီဆိုးတာကိုလည်း ကြီးတော်က သိပ်မုန်းတာ၊ ငါတို့အိမ်မှာ နှုတ်ခမ်းနီတစ်တောင့်တောင် မရှိဘူး။ ဝတ္ထုတို့၊ ကာတွန်းတို့ ဖတ်ရင်လည်း ကြီးတော်က လုံးဝမကြိုက် ဘူး။ မိန်းကလေး ဝတ္ထုဖတ်ရင် ပျက်စီးတာပဲတဲ့။ ဘယ်လိုပျက်စီးတာလဲ တော့ မသိပါဘူး။ ကြီးတော်က ပြောသေးတယ်၊ နင့်အမေ အဲဒီဝတ္ထုတွေ အဖတ်ကောင်းလို့ မြန်မြန်လင်ရတာပေါ့တဲ့။

အားကစားပြိုင်ပွဲတို့ ကဗျာရွတ်ပြိုင်ပွဲတို့ ဘာတို့ကိုတော့ ငါပါချင် ပါတယ်။ ဒါပေမဲ့ ငါ့အရပ်က ပုလို့တဲ့၊ ပေမမီလို့တဲ့၊ ငါ အပြေးပြိုင်ချင်တာ မပြိုင်ရဘူး၊ ကဗျာရွတ်ပြိုင်ပွဲကျ ငါက စကားထစ်ပြန်ရော။

စိုးစိုးနဲ့ မြတ်မြတ်ကလေ အပျိုတွေလိုပဲ၊ သူများ အတင်းကိုလည်း ပြောတတ်တယ်၊ သူတို့က ငါ့အတင်းကို ပြောကြတာ ဒေါ်လီရဲ့။ ငါ့အတင်း ဆိုပေမဲ့ ငါ့အမေအတင်းရော ပါတာပေါ့၊ ကြီးတော် အတင်းလည်း ပါတယ်။ စိုးစိုးက မြတ်မြတ်ကို ပြောတာ၊ မြတ်မြတ်က ငါ့ကို လာမေးတာ ပေါ့။

ငါ့အမေဟာ ငါ့အဖေကိုပစ်ပြီး လင်ငယ်နောက်လိုက်သွားတာဆို တဲ့၊ အဲဒီကျ ငါ့အဖေကလည်း ငါ့ကိုမချစ်ဘဲထားခဲ့ပြီး နောက်မိန်းမယူတာ ဆိုတဲ့။ ကြီးတော်ကလည်း ငါ့ကို သိပ်ရိုက်တာဆိုတဲ့၊ ပြီးတော့ နင်တို့



mgyoe.com

mgyoe.com

ကြီးတော်က အာကြမ်းလျှာကြမ်းနဲ့ လှလည်း မလှဘူးဆိုတဲ့၊ ပြီးတော့ ငါပိန်ပြီး သေးနေတာဟာ အစာရေစာဝအောင် မစားရလို့ဆိုတဲ့။

ဒေါ်လီရယ်၊ နင်ပဲ စဉ်းစားကြည့်စမ်းပါဦး၊ မြတ်မြတ်ကို ငါက ပြုံးပြုံးလေးနဲ့ ဟုတ်ပါတယ်လို့ပြောပြီး ငြိမ်ခံနေရမှာလား။

ဘေးနားမှာလည်း တခြားကောင်မလေးတွေ ရှိတယ်လေ။ ငါလေ မြတ်မြတ်ကို မဟုတ်ဘူး။ နင် ဘယ်သူက ပြောလဲလို့ စိတ်ထိန်းပြီး ပြန်မေးပါသေးတယ်။ မြတ်မြတ်ဆိုတဲ့ အစုတ်ပလုတ်မကလေ ခပ်တည်တည်နဲ့ စိုးစိုးက ပြောတာပေါ့တဲ့၊ စိုးစိုးက နင်တို့နဲ့ အိမ်နားနီးချင်းပဲ၊ သူ့အကုန်သိတယ်တဲ့။

ငါ တစ်ခါတည်းလေ... စိုးစိုးဆီကို ပြေးသွားမိပြီး စိုးစိုးကို လုပ်ပစ်မိတော့တာပဲသိလား ဒေါ်လီ၊ ငါ ဘာမှကို မမြင်တော့ဘူး၊ စိုးစိုးကို ခေါင်းပေါ်က ပန်းတွေကို ဆွဲတယ်၊ စိုးစိုး နှုတ်ခမ်းနီတွေကို ကုတ်ဖဲ့ပစ်တယ်၊ စိုးစိုး အင်္ကျီရင်ဘတ်က လိပ်ပြာရုပ်လှလှလေးကို ငါကိုက်ဆွဲနေတုန်း ဆရာမတွေ လာဖျင်လို့၊ နို့မို့သာတော့လား အဲဒီလိပ်ပြာရုပ် ငါ့ပါးစပ်ထဲ အပါပဲ။

ငါလည်း ခံရတာပေါ့၊ စိုးစိုးက ငါ့ကို အတင်းဖိထားတာ၊ သူက ငါ့ထက် ပိုအားရှိပေမဲ့ ငါ့ဒေါသကိုတော့ သူကြောက်သွားမှာအမှန်ပဲ။

ငါရော၊ စိုးစိုးရော၊ မြတ်မြတ်ရော၊ သုံးယောက်စလုံး အရိုက်ခံရတယ်၊ ပြီးတော့ ဆရာကြီးက ငါတို့ကို လက်ဆွဲနှုတ်ဆက်ခိုင်းတယ်။ စိုးစိုးကလေ ငါ့ကို မုန်းတီးနေတဲ့မျက်လုံးတွေနဲ့ စူးစိုက်ကြည့်ပြီး ငါ့လက်ကို တအားညှစ်တယ်။ ငါလန့်သွားသလိုပဲ ဒေါ်လီ၊ ဒါပေမဲ့ မြတ်မြတ်က လှောင်သလို ပြောင်သလို အကြည့်နဲ့ ငါ့လက်ကို မကိုင်ချင့် ကိုင်ချင် လက်ဆွဲနှုတ်ဆက်တော့ ငါဒေါသတွေ ဖြစ်လာပြန်တယ်။


mgyoe.com

mgyoe.com


မြတ်မြတ်တစ်ကိုယ်လုံးကို စက္ကူစတွေလို အစိတ်စိတ်အမြွာမြွာဖြစ်သွားအောင် ငါလုပ်ပစ်ချင်လာတယ် သိလား။

ငါကျောင်းက ပြန်လာတော့ အိမ်မှာ ကြီးတော်ဆီ သတင်းရောက်နှင့်နေပြီ၊ သတင်းတင် မဟုတ်ဘူး။ လူပါ ရောက်နေတာ၊ စိုးစိုးရဲ့ အမေက စိုးစိုးကိုပါ ခေါ်လာပြီး ဒဏ်ရာတွေပြပြီး လာတိုင်တာ၊ ဒေါ်ကြီးမောကြီးနဲ့၊ ခြိမ်းနားချင်းမို့ ကိုယ့်အချင်းချင်းမို့ ကျွန်မ သည်းခံတာ တင်တင်တဲ့၊ ကျွန်မ သမီးပြောတာ အဟုတ်တွေပဲ တင်တင်လည်း သိသားပဲတဲ့၊ ဒါလောက် ဒဏ်ရာပေါ်အောင် လုပ်စရာ မလိုပါဘူးတဲ့။

ကြီးတော်က ရှက်ဒေါသနဲ့ ထရိုက်တာ ငါတော်တော်နာပါတယ်။ စိုးစိုးရှေ့မှာ ရိုက်ခံရလို့ ငါရှက်လည်း ရှက်တယ်။ ဒါပေမဲ့ စိုးစိုးနှုတ်ခမ်းက ဒဏ်ရာကိုမြင်တော့ ငါသိပ်ဝမ်းသာတာပဲ၊ သိပ်ကျေနပ်တာပဲ။

စိုးစိုးတို့သားအမိ ပြန်သွားတော့ ကြီးတော်ရယ်လေ ငိုတယ် သိလားဒေါ်လီ။ ငါလေ ကြီးတော် ငိုတာကို အထူးအဆန်းလို ကြည့်နေမိတယ်။ ကြီးတော်ငိုတာ ငါမတွေ့ဖူးတာ ကြာပြီ။

ငါ ဟိုးငယ်ငယ်တုန်းက ဝိုးတိုးဝါးတား မှတ်မိနေတယ်။ ငါ့ကို နမ်းရင်း ကြီးတော်ငိုတာ၊ ငါသိတတ်လာမှ ကြီးတော် မငိုတာကြာပြီ၊ ငါ့ကို မနမ်းတာလည်း သိပ်ကို ကြာလှပါပြီ။

ကြီးတော်ကလေ ငိုနေရာကဒေါသကြီးလာပြန်တယ်။ ငါ့ကို ပြောတယ်၊ သူ့ကို အရှက်ခွဲဦးမယ့် ကောင်မတဲ့။ မအေ့ခြေရာနင်းဦးမယ့် ကောင်မတဲ့၊ နင်ရင်လည်း သေမှ၊ ငါရင်လည်း သေမှ အေးမှာပါတဲ့။

ဒေါ်လီရယ် ကြီးတော် အဲ့လိုမျိုးတွေပြောရင်လေ ကြက်ဥကြိမ်နှစ်ချောင်းပြူးနဲ့ ရိုက်တာထက်တောင် နာတယ်။ ရင်ထဲကနာတာ၊ နှင်းဆီဆူး


mgyoe.com

mgyoe.com

နဲ့ ထိုးခံရသလို စစ်ခနဲ စစ်ခနဲနေအောင် နာတာ။ သိပ်လည်း ငါဝမ်းနည်းတာပဲ။

ဟောဒီကမ္ဘာလောကကြီးမှာ ငါအနိမ့်ကျဆုံး ဖြစ်သွားပြီလို့လည်း ခံစားရတယ်။ ငါလေ အဲလိုအခါမျိုးမှာ ဘာမှလည်း မပြောချင်တော့ဘူး။ မလှုပ်ချင်တော့ဘူး၊ တစ်နေရာတည်းမှာ ငြိမ်ငြိမ်ကလေးကုပ်ပြီး တစိမ့်စိမ့် နာကျင်နေချင်တယ်။ တစိမ့်စိမ့် ဝမ်းနည်းနေချင်တယ်။ တစိမ့်စိမ့် မျက်ရည်ကျနေချင်တယ်။

"ပြောစမ်း၊ ပြောစမ်း ခွေးနီမ၊ နင်... နောက် ဒါမျိုး ဖြစ်ဦးမှာလား၊ ဖြစ်ဦးမှာလား၊ ငါ့ကို ပြောစမ်း"

ကြီးတော်က ငါ့ပခုံးကို တအားလှုပ်ပြီး မေးတယ်။ အထပ်ထပ်မေးတယ်။ ဟင့်အင်း... ငါ ဘာမှ မဖြေပါဘူး။ ငါမှ စကားမပြောချင်တာ။ မလှုပ်ချင်တော့တာ။ ငါ နာကျင်နေပြီ။ ဝမ်းနည်းနေပြီ။ ငိုချင်နေပြီ။ ငါ့ကို ဘာမှမေးလို့မရတော့ ခေါင်းမာဦး၊ ခေါင်းမာဦးဆိုပြီး ကြီးတော်က ဒေါသတကြီးနှင့် တရွတ်တိုက်ဆွဲခေါ်လာတယ်။ ငါမရုန်းပါဘူး။ ကြီးတော်ဆွဲရာနောက် ငြိမ်ငြိမ်ကလေး လိုက်တာပါပဲ။

ဒါပေမဲ့ မှောင်ခန်းကြီး ရှေ့ရောက်တော့ ငါ ဆတ်ခနဲ တွန့်သွားမိသေးတယ်။ ကြီးတော်က ငါ့ကို အခန်းထဲ ထိုးထည့်သော့ခတ်လိုက်တော့လည်း ငါနံရံမှာ အသာလေး မှီကပ်ပျော့ခွေပြီး မျက်လုံးတွေကို မှိတ်ထားလိုက်တော့တယ်။ အရင်အခါတုန်းကလို တအားကြောက်လန့်ပြီး အသံကုန်အော်ဟစ်ငိုတာတွေ ငါ မလုပ်ပါဘူး။ တစိမ့်စိမ့်လေးပဲ မျက်ရည်ကျပြီး ငါ ဝမ်းအနည်းကြီး နည်းနေလိုက်တယ်။ နင့်ကိုလည်း ငါ သတိရမိတယ်။ ယုံပါ ဒေါ်လီ။ ငါ တကယ်ပြောတာပါ။


mgyoe.com

mgyoe.com


ငါလေ… ကြီးတော် နောက်တစ်ခေါက် ပြန်လာပြီး ခေါင်းအုံးနဲ့ စောင်ပစ်ထည့်တော့လည်း မလှုပ်မယှက်ပဲ။ ကြီးတော်က ပြောတယ်။

"ညည်း… ဒီတစ်ခါတော့ တစ်ညလုံးမှတ်လောက်အောင် ထားမယ်" တဲ့။

ဒါ… ကြီးတော် ပြောနေကျစကားပဲ။ ပြီးတော့ ပြန်လာဖွင့်ပေးတာပဲ။ ဒါပေမဲ့ ဒီတစ်ခါ ခေါင်းအုံးနဲ့စောင် ထည့်ပေးတယ်ဆိုတော့ ကြီးတော် တကယ် တစ်ညလုံးထားမယ့်ပုံပဲ။ ငါ ငြိမ်ပဲနေလိုက်တယ်။

ငယ်ငယ်တုန်းကလို "မလုပ်ပါနဲ့ ကြီးတော်ရဲ့၊ ကြောက်လို့ပါ၊ သမီး ကြောက်လို့ပါ၊ တံခါးဖွင့်ပါကြီးတော်ရဲ့" လို့ ငါမအော်ပါဘူး။

မှောင်ခန်းထဲက ဖုန်ထူသင်ဖြူးလိပ်ကြီး တစ်ခုကို ဖြေချပြီး ခေါင်းအုံးလေးကိုချ၊ စောင်လေးကို ခြုံပြီး ငါအသာ ငြိမ်ငြိမ်လေး လှဲအိပ်ဝမ်းနည်းနေလိုက်တယ်။ တစိမ့်စိမ့်ဝမ်းနည်းရင်း၊ တစိမ့်စိမ့်နာကျင်ရင်း၊ တစိမ့်စိမ့်ငိုကြွေးရင်းနဲ့ ငါအိပ်ပျော်သွားတာပေါ့။

ဒေါ်လီရယ်။ ထူးတော့ ထူးဆန်းတယ်။ အခု ငါအိပ်ရာက နိုးလာတော့ ငါ ဝမ်းမနည်းတော့ဘူး၊ မနာကျင်တော့ဘူး၊ မငိုချင်တော့ဘူး။

ငါ… ငါ… ကြောက်လာတယ် သိလား၊ ငါကြောက်လာတယ်။ ငါ့ကို ထမင်းမကျွေးဘဲ ဒီထဲမှာ ညသိပ်တဲ့ ကြီးတော်ကိုလည်း ငါမကျေမနပ် ဖြစ်လာတယ်။ ငါကလေးမှ မဟုတ်တော့တာ၊ ကြီးတော် ငါ့ကို ဒီလို မလုပ် သင့်ပါဘူး။ ငါ ဗိုက်ဆာတယ် ဒေါ်လီ။

နေဦး… နားထောင်စမ်း၊ မိုးသံတွေကြားမှာ လူသံတွေလိုပဲ။ သဲ့သဲ့၊ သဲ့သဲ့ကြားရတယ်။ ကြီးတော်လေ့ကားက တက်လာတဲ့အသံ မဟုတ်ဘူး။

အိမ်ပြင်ဘက်က အသံတွေ၊ ဘာတဲ့… မိုးသီး… မိုးသီး၊ မိုးသီးတွေ


mgyoe.com

mgyoe.com

ဆိုလား။ အိုး... ငါ သိပြီ ဒေါ်လီ။

အပြင်မှာ မိုးသီးတွေ ကြွေတာဖြစ်ရမယ်။ ငါ ငယ်ငယ်တုန်းက မိုးသီးကြွေတာ တစ်ခါမြင်ဖူးတယ်။ မိုးသီးဆိုတာ ရေခဲတုံး သေးသေးလေးတွေ ဟ သိလား၊ နင်သိလား ဒေါ်လီ။ ဒါကြောင့် သွပ်မိုးကြီးက အသံတွေ တအားမြည်တာကိုး။ သူများတွေတော့ မိုးသီးတွေ ထွက်ကောက်နေကြပြီ၊ မိုးသီးတွေကို ငါ ကြည့်ချင်လိုက်တာဟယ်။

ငါ... ဖြေချလိုက်တဲ့ သင်ဖြူးလိပ်ကြီးနားမှာ ပြတင်းပေါက်ရှိတယ်။ ဒါပေမဲ့ မှောင်မည်းနေတော့ ဘာမှ မမြင်ရဘူး။ ဟော... မိုးရပ်သွားပြီ။ မိုးသီးတွေ မကြွေတော့ဘူးလား။ မကြွေတော့ဘူးပေါ့။ အို... ကြွေပြီးသား မိုးသီးတွေကတော့ ရှိဦးမှာပါ။

ပြတင်းပေါက်ကို ငါလိုက်စမ်းမယ်။ ပြတင်းပေါက်က အထက်နဲ့ အောက် နှစ်ပေါက်တောင်ရှိတာ၊ အောက်ပြတင်းပေါက်ကို ဖွင့်လို့ရရင် အပြင်ဘက်ကို ကြည့်လို့ရမယ်။ အောက်ပြတင်းပေါက်နားမှာ စားပွဲတစ်လုံးတည်း ရှိတယ်။ ဟောဒါ ဘာကြီးလဲ။ စားပွဲခြေထောက်လား။ ဟာ... သိပြီ။ ဒါကြီး က ဆွမ်းအုပ်အပျက်ကြီးပါ။ အဘွားတို့ ဘုန်းကြီးကျောင်းသွားတဲ့ ဆွမ်း အုပ်အပျက်ကြီးပဲ။ ဒါကကော၊ ဟင်... ဒါက သင်ဖြူးလိပ်တစ်လိပ်ပဲ။ ဒါက သေတ္တာ၊ သေတ္တာအဟောင်းကြီးပဲ။ ဒီသေတ္တာထဲမှာ အဟောင်းအမြင်း အစုတ်တွေနှင့် ပိုးဟပ်တွေ အများကြီးရှိတယ်။ ကြွက်တွေကတော့ ဒီသေတ္တာ ထဲမှာ မနေဘူး။ အခန်းထောင့်မှာ နေတာ။ ကျွိ... ကျွိ... ကျွိ တဲ့ အသံကြား ရတယ်။

ပြတင်းပေါက်ကိုလည်း မတွေ့ပါဘူး။ ငါမွန်းလာပြီ ဒေါ်လီရယ်။ ငါ့လက်မှာလည်း ဖုန်တွေပေကုန်ပြီ။ ဟော... လျှပ်စီး၊ လျှပ်စီး၊ လျှပ်စီး


mgyoe.com

mgyoe.com



လက်တာ ကောင်းတယ်။ ငါမိုးခြိမ်းမှာ ကြောက်လို့ နားကို ပိတ်ထားရင်းက လှမ်းမြင်လိုက်ရပြီ။ ပြတင်းပေါက်ကိုလေ။

ဟုတ်ပြီယော့ ဒေါ်လီရေ၊ ဟောဒါ အောက်ပြတင်းပေါက်ပဲ။ ဘယ်မှာလဲ ကန့်လန့်၊ ဒီမှာ တွေ့ပြီ... အောက်ကန့်လန့်၊ ကန့်လန့် မဖွင့်တာကြာတော့ တအားကျပ်တာပဲ၊ အား... ရပြီ၊ ပြီးရင် အထက်ကန့်လန့်၊ အထက်ကန့်လန့်က အပြုတ်ကြီးယော့၊ တော်သေးတယ်၊ တံခါးကို ဖြည်းဖြည်းဖွင့်မှ၊ ကြီးတော်ကြားသွားနိုင်တယ်၊ အို... ကြည့်ပါဦး ဒေါ်လီရေ၊ မိုးသီးတွေ မိုးသီးတွေလေ၊ ဖွေးနေတာပဲ၊ လှလိုက်တာဟယ်၊ မိုးရွာပေမဲ့ မီးမပျက်တာ ငါ ကံကောင်းတယ်၊ ဟိုဘက်ခြံက အလင်းထွန်းတဲ့ မီးလုံးလေးကြောင့် မိုးသီးတွေကို ငါ မြင်ရတယ်။ ငါတို့ခြံရှေ့က လမ်းမီးတွေလည်း မပျက်ဘူးဘဲ၊ သူများခြံတွေထဲမှာ ဆူညံဆူညံနဲ့ မိုးသီး ထွက်ကောက်နေကြတယ်။

ငါတို့ခြံကတော့ တိတ်ဆိတ်လို့။ တိတ်ဆိတ်တာ မကောင်းဘူး။ တိတ်ဆိတ်တာ ကြောက်စရာကောင်းတယ်၊ ငါ မိုးသီး ကောက်ချင်တယ် ဒေါ်လီရယ်၊ မိုးသီးတွေက လှလိုက်တာ။

ကြည့်စမ်း... သစ်ပင်ခွကြားထဲမှာ မိုးသီးလေးတွေ တင်နေတာ အပုံလိုက်လေး။ ရေခဲပုံလေးလို မဟုတ်ဘူး။ ရေခဲတောင်လေးလို ချစ်ဖို့ ကောင်းလိုက်တာ၊ အို... ဒေါ်လီ၊ ငါ့လက်တံတိုတာ သိပ်နာတာပဲ၊ ငါသာ လက်တံရှည်ရင် သစ်ပင်ခွကြားကို လှမ်းမိနိုင်တယ်၊ ဒန့်သလွန်ပင်ခွကြားနဲ့ အောက်ပြတင်းပေါက်နဲ့က နီးနီးလေးရယ်။

ပြတင်းပေါက်ကနေထွက်၊ ကိုယ်ကိုကုန်းပြီး လှမ်းယူရင်တော့ ရနိုင်တာပေါ့။ ဒါပေမဲ့ ပြတင်းပေါက်က သံတိုင်တွေနဲ့ဟ၊ ငါ့ကိုယ်လုံး ထွက်လို့မရဘူး၊ နင့်ကိုယ်လုံးလေးနဲ့သာဆို အတော်ပဲ ဒေါ်လီ။



mgyoe.com

mgyoe.com

နေဦးဒေါ်လီ – ငါသိပြီ၊ အထက်ပြတင်းပေါက်ကိုဖွင့်၊ ပြီးတော့ ပြတင်းပေါက်ပေါင်ပေါ်ကနေ သစ်ပင်ခွကြားကို ငါဆင်းရင် ရနိုင်တယ်။ အထက်ပြတင်းပေါက်မှာ သံတိုင် မရှိဘူး။ ဟုတ်ပြီ၊ ဟုတ်ပြီ။ အရပ်ပု တာဟာ တော်တော်စိတ်ပျက်ဖို့ ကောင်းတာပဲနော်။

ပြတင်းပေါက် အောက်ကန့်လန့်ကို မီပေမဲ့ အထက်ကန့်လန့် ကျတော့ ငါမမီတော့ဘူး ဒေါ်လီ၊ ကိစ္စမရှိဘူး၊ စားပွဲကို ရွှေ့ပြီး စားပွဲပေါ် ကနေ တက်ဖွင့်မှာပေါ့။

ရပြီ ဒေါ်လီ၊ ငါတို့အိမ်အထက် ပြတင်းပေါက်တိုင်းမှာ သံတိုင် မရှိတာ သိပ်ကောင်းတာပဲ။

ခဏနေဦး၊ ငါထဘီ တိုတိုပြင်ဝတ်လိုက်ဦးမယ်၊ ဂါဝန်နှင့်ဆို ကောင်း မှာ၊ ကြီးတော် ဒေါ်စည်းကမ်းကြီးက ဒီအခန်းထဲ မသွင်းခင် အိမ်နေ ရင်းဝတ် စပ်ထဘီနဲ့ ရှင်မီးအင်္ကျီကို လဲရသေးတယ်။ ဟုတ်ပြီ၊ ဟောဒီ ပြတင်းပေါက် ပေါင်ပေါ်က နေထိုင်ပြီး ခြေထောက်နဲ့လှမ်းထိရင် သစ်ပင်က ဘုလေးကို အသာလေးမီတယ်။

အဲ့ဒီဘုလေးပေါ်ကို အရင်တက်ပြီးမှ သစ်ပင်ခွကြားကို ဖြည်းဖြည်း ဆင်းမှ။ သစ်ပင်ခွကြားထဲကို ခြေထောက်ချမိရင် ရေခဲတောင်လေး ပျက်စီး သွားလိမ့်မယ်။

အိုး… ဒေါ်လီ ငါသစ်ပင်ပေါ် ရောက်သွားပြီ သိလား။ မှောင်ခန်းကြီး ထဲမှာ မဟုတ်တော့ဘူး။ ဟား ဟား ပျော်စရာကောင်းလိုက်တာ၊ ဘာလဲ၊ အို… ရပါတယ်။ ကြီးတော် လာသံကြားရင် သစ်ပင်ပေါ်ကနေ ပြတင်းပေါက် ပေါင်ပေါ်ကို အသာလေး ကူးလိုက်ရုံပဲ ဥစ္စာ။

သစ်ပင်ပေါ် ရောက်တာကတော့ ဟုတ်ပါပြီ၊ သစ်ပင်ခွကြားထဲက


mgyoe.com

mgyoe.com



ရေခဲတောင်လေးကို ငါ ဘယ်လိုယူရပါ့မလဲ ဒေါ်လီရယ်။ ချစ်စရာ ကောင်းလိုက်တာ၊ ရေခဲတောင်လေးက။

ဟယ်... လုပ်ပါဦးဒေါ်လီ၊ သစ်ပင်ကို ငါလှုပ်လိုက်လို့ ရေခဲတောင်လေး ပြိုသွားပြီ။ အို... ပြိုသွားပြီ၊ ရေခဲတုံးလေးတွေ မြေကြီးပေါ်ကို ကျကုန်ပြီ။ သနားလိုက်တာ ဟယ်၊ သနားလိုက်တာ။ ဟင့်အင်း၊ ငါ သူတို့ကို မြေကြီးပေါ်လိုက်ကောက်မယ်။

မြေကြီးပေါ်ကို ငါ ဆင်းမယ်၊ သစ်ပင်ပေါ်က ဆင်းတာများ ဘာခက်တာလိုက်လို့။ ငါ့ကိုယ်လုံး သေးသေးလေးက ဒီနေရာမှာ အသုံးဝင်ပါတယ်။ သစ်ကိုင်းတွေ ဘာတွေ ကျိုးကျဖို့ စိတ်မပူရပါဘူး၊ သစ်ကိုင်းတွေက မိုးရေကြောင့် သိပ်ချောနေတာပဲ ဒေါ်လီ။

မနည်းဖက်ထားရတယ်။ တကယ်လို့ ငါလိမ့်ကျပြီး ခြေကျိုးသွားရင် လက်ကျိုးသွားရင် ကြီးတော် ငါ့ကို ဘယ်လောက် ဒေါသဖြစ်လိုက်မလဲ၊ ရိုက်လိုက်မလဲနော်၊ သေသွားရင်တော့ ကြီးတော် ဝမ်းသာမယ် ထင်တယ်။ အေးပါ ဒေါ်လီရယ်။ ငါဖြည်းဖြည်းပဲ ဆင်းပါ့မယ်။

အဲ... ဒီနေရာကနေပြီး ငါ ရှေ့ဆက် မဆင်းတတ်တော့ဘူး ဒေါ်လီ။ ဘယ်လိုလုပ်မလဲ။ အို... မြေပြင်နဲ့အနီးလေး ရှိတော့တာပဲဟာ။

ငါပင်စည်ကို ဖက်ပြီး လျှောချလိုက်မယ်၊ မကောင်းဘူးလား။ အား... ဒေါ်လီ၊ သိပ်တော့ မကောင်းဘူးဟာ၊ ငါ လက်တွေ ပွန်းကုန်ပြီ။ တင်ပါးလည်း အောင့်သွားတယ်။ ကျွတ်... ကျွတ်...။

ဒါပေမဲ့ ဒေါ်လီ ကြည့်စမ်း ငါထိုင်နေတာ မိုးသီးတွေပေါ်မှာ။ ရေခဲတုံးကလေးတွေပေါ်မှာ၊ အေးလိုက်တာ၊ ချစ်ဖို့ ကောင်းလိုက်တာ ဒေါ်လီရယ်။ ပျော်ဖို့လည်း သိပ်ကောင်းတာပဲ။



mgyoe.com

mgyoe.com

ကြီးတော် မကြားနိုင်ပါဘူး။ ငါ တအားအော်ရယ်လိုက်တော့မယ်။

မိုးသီးကလေးတွေကလေ ငါ ရယ်တာကို ကြည့်နေကြတယ် ဒေါ်လီ။ ငါ့ရှင်မီးအင်္ကျီ အိတ်ထောင်ထဲကနေပြီးတော့လေ သိလား။ ငါ လျှောက်ကြည့်ဦးမယ်။ မိုးသီးတွေ ခြံထဲမှာ အနံ့ကြွေရဲ့လားလို့လေ။

ကြွေပါတယ်။ ရေတွင်းနားမှာလည်း အများကြီးပဲ။ နှင်းဆီရုံတွေနားမှာလည်း အများကြီး။

ကြာတော့ ချမ်းတယ်ဟယ်ဒေါ်လီရယ်။ မိုးသီးလေးတွေ ယူပြီး ငါ အခန်းပေါ် ပြန်တက်တော့မယ်။ မိုးသီးလေးတွေကလေ... ငါ့အိတ်ထောင်ထဲမှာ ကောင်းကောင်း မနေဘူး၊ အရည်ပျော်ပြီး ခုန် ခုန်ဆင်းသွားကြတယ်ဟ... သိလား။ အလှဆုံးနဲ့ အကြီးဆုံးအသီးကြီးတွေကို ယူမှဖြစ်မယ်။ အဲဒါမှ ဒုက္ခပဲ ဒေါ်လီ။ ငါသစ်ပင်ပေါ်ကို ပြန်မတက်တတ်တော့ဘူး။

သစ်ပင်ကြီးက ချောနေတယ်ဟာ၊ ငါ ဘယ်လိုလုပ်ရမှာလဲ။ အိမ်ရှေ့ကနေ ကြီးတော်ကို သွားနှိုးဖို့ ဟုတ်လား။ အမယ်လေး ငါ ဘယ်လိုမှ မစဉ်းစားရဲတဲ့ အလုပ်ပါဟယ်။ ညကြီးမင်းကြီး၊ ချမ်းချမ်းစီးစီးနဲ့ ငါရိုက်ခံရတာ နင်ကြည့်ချင်လို့လားဟင်။ ဟုတ်ပါတယ်။ ကြီးတော်က ငါ့ကို ချစ်တော့ ချစ်ပါတယ်။ ငယ်ငယ်တုန်းကပါ။ အင်း... ငါချမ်းနေတာမြင်ရင် သနားချင် သနားမှာပေါ့။ ဒါပေမဲ့ ငါတော့ သိပ်မထင်ပါဘူး။ ဆောင်းတွင်း ညတွေမှာ "ချမ်းလား သမီး" ဆိုပြီး ကြီးတော်ဖက်ထားတတ်တာဟာ ဟို... ငယ်ငယ်တုန်းကပါ။ အခုကြီးတော် မေ့သွားပါပြီ။

ချမ်းတယ် ဒေါ်လီရယ်။ ငါအိပ်လည်း အိပ်ချင်တယ်။ သစ်ပင်ပေါ်ကို ငါ ဘယ်လို ပြန်တက်ရပါ့မလဲ။ ရေနံသုတ်တဲ့ လှေကားကြီးကို ငါ လိုက်ရှာရမလား။ မဖြစ်ပါဘူးဟယ်။ ရှာလို့တွေ့ဦး၊ လှေကားကြီးကို ငါ


mgyoe.com

mgyoe.com



ဘယ်လိုလုပ် မ, နိုင်မလဲ။ မီးဖိုခန်းနားကနေ ကြီးတော်ကို ငါ သွားနှိုးရ မလားဟင်။ ဒေါက်... ဒေါက်နဲ့ တံခါးခေါက်မယ်လေ၊ ကြီးတော်က ငါ့ အသံဆို ဖွင့်ပေးချင်မှပေးမှာ၊ တံခါးခေါက်တာဆိုရင်တော့ ခွေးလား၊ ကြောင် လား ဆိုပြီး လာမောင်းချင် မောင်းမှာပေါ့။ ကြီးတော် တံခါးဖွင့်တာနဲ့ ငါ ဝင်ပြေးမှာပေါ့ နော်၊ ဒေါ်လီ။ ဒါပေမဲ့လေ... ကြီးတော်ကို ငါ ကြောက် တယ် ဒေါ်လီရယ်။

တကယ်လို့များ ကြီးတော် ငါ့ကို ရုတ်တရက်တွေ့လိုက်လို့ ငါ ချမ်း နေတာကိုမြင်ပြီး သနားပြီးများ ဖက်လိုက်လေမလား၊ မပြောနိုင်ဘူးပေါ့နော်။ ချမ်းတယ်ဟယ်၊ ငါ့မိုးသီးလေးတွေလည်း အရည်ပျော်ကုန်ပြီ။ ငါတံခါးသွား ခေါက်ရတော့မလား၊ သွားခေါက်လိုက်တော့မယ်နော်။ ဟယ်... ဒေါ်လီရေ၊ ငါ ကံကောင်းပြီဟေ့။ ကြီးတော် ဒေါသဖြစ်ပြီး မီးဖိုခန်းတံခါး ပိတ်ဖို့ မေ့သွား တာနဲ့ တူတယ် သိလား။ တံခါးက စေ့ရုံလေးရယ်။ ဝမ်းသာလိုက်တာ။ ငါ မီးဖိုခန်းထဲဝင်လို့ရပြီ။ ကြီးတော် မသိဘဲနဲ့ ဝင်လို့ရပြီ။ ငါထမင်းစား ရရင် သိပ်ကောင်းမှာပဲ။ တော်ပါပြီ ငါ မစားရဲပါဘူး၊ ဗွန်းသံ၊ ပန်းကန်သံ တွေ မြည်ရင် ကြီးတော် နိုးလာလိမ့်မယ်။ ငါအိမ်ပေါ် တက်အိပ်တော့မယ်။ အင်း... မနက်လင်းရင်တော့ ကြီးတော် ငါ့ကို ရိုက်မှာပဲ။

ငါတို့အိမ်ကြီးကလည်း မှောင်လိုက်တာဟယ်၊ ပိန်းနေတာပဲ၊ မီးဖို ခန်းကနေ လှေကားကိုရောက်ဖို့ တော်တော်စမ်းရဦးမယ်။ ကြီးတော်နဲ့ ငါနဲ့ အိပ်တဲ့နေရာက လှေကားနားမှာပဲ။ ငါတို့အိမ်အောက်ထပ်မှာ အခန်းမရှိ ဘူး။ ဧည့်သည်တွေ လာရင် ထိုင်တဲ့ခုတင်ကြီးပေါ်မှာ ငါတို့တူဝရီးနှစ် ယောက် အိပ်ကြတာပဲ။

ကြီးတော်ဟာ ဘာဖြစ်လို့ ဒါလောက် နှမြောရတာလည်း မသိပါ



mgyoe.com

ဘူး ဒေါ်လီရယ်၊ အောက်ထပ်မှာ မီးလုံးလေးတစ်လုံး (အိမ်ပေါ်ထပ်မှာ မထွန်းချင်နေပါ) လောက် တစ်ညလုံး ထွန်းထားရင် ကောင်းမှာလို့ ငါ ခဏခဏတောင့်တခဲ့ဖူးတယ်။ မှောင်ထဲမှာ ငါ မအိပ်ချင်ဘူး။

လျှပ်စီးကလည်း များများ လက်စမ်းပါ။ ဒါမှ လှေကားဆီကို ငါ မြန်မြန်ရောက်မှာ။ ဟင့်အင်း... မိုးခြိမ်းတာတော့ အကျယ်ကြီး မခြိမ်းနဲ့။

လျှပ်စီးရောင်အောက်မှာ ကြီးတော်အိပ်နေတဲ့ ခြင်ထောင်ဖြူဖြူကို ငါ မြင်ရတယ် ဒေါ်လီ။ ငါကြောက်သွားတာပဲ၊ ကြီးတော်ကတော့ အိပ်နေတုန်းပါ။ လှေကားဆီကိုမှန်းပြီး ခြေသံမကြားအောင် ငါ ဖြည်းဖြည်းလေး သွားလိုက်တယ်။

ဟော... လုပ်ပါဦး၊ လုပ်ပါဦး ဒေါ်လီ၊ ကြီးတော်... ကြီးတော် နိုး သွားပြီ။

ခြင်ထောင်ထဲမှာ လက်နှိပ်ဓာတ်မီးရောင်လေး ဖျောက်ဆိုလင်းလာ ပြီ။ ဟင့်အင်း... ဟင့်အင်း... ငါအိမ်ပေါ် တက်ပြေးလို့ မရဘူး။ ငါ့ခြေ ထောက်တွေက ပြေးလို့ မရဘူး ဒေါ်လီ။ ကြီးတော်ခြင်ထောင်ကို ငါကြောက် ပြီး စိုက်ကြည့်နေတုန်းမှာ ဒေါ်လီ။ ခြင်ထောင်ထဲက ဆန့်ထုတ်လိုက်တဲ့ ခြေထောက်ကြီးတစ်ခု၊ အပြင်ကို ထွက်လာတယ်။

ခြေထောက်ကြီး... ခြေထောက်ကြီး၊ ကြီးတော်ရဲ့ ခြေထောက် မဟုတ် ဘူး၊ ယောကျ်ားခြေထောက်ကြီး။

"ကြီးတော်"

အို... ငါ အသံကုန်အော်လိုက်မိတယ် ဒေါ်လီ။

ဆက်... ဆက်ပြီးတော့လည်း ငါ အသံကုန်အော်နေမိတယ်။

ငါ့အော်သံအောက်မှာ အထိတ်တလန့်နဲ့ ငါတွေ့လိုက်ရတာကတော့



mgyoe.com

mgyoe.com


ပါတိတ်ထဘီအသစ်နဲ့ အင်္ကျီအသစ်ဝတ်ထားတဲ့ ကြီးတော်။

ပြီးတော့... ပြီးတော့... ဟိုလူကြီး။ ငါတို့ဆီကို မြို့ထဲကနေ နေ့တိုင်း ပန်းလာယူတဲ့ ကိုမောင်လှိုင်ဆိုတဲ့ လူကြီး။

ငါလေ... ငါ၊ မယုံနိုင်အောင် အော်နေမိတယ်။ ဒေါ်လီရယ်။

* * *

"ခွေးနီမ"

"ခွေးနီမ"

"ခွေးနီမ"

ဘယ်သူက ခေါ်နေတာလဲဟင်။

ငါ့ကို ဘယ်သူက ခေါ်နေတာလဲဟင်... ဒေါ်လီ။

ကြီးတော်လား။

ဒေါ်လီလား။

မဟုတ်ဘူးလား။

ဒါဖြင့် ဟို... ဟို... ငါ့ဘကြီးဆိုတဲ့ ကြီးတော်ယောကျ်ားလား။

ကိုမောင်လှိုင်လေ၊ သူ့ကို ငါ မုန်းတယ်။

ငါ့အဘိုးရဲ့ ရွှေလက်စွပ်ကို ဝတ်ထားတဲ့ သူ့လက်သူကြွယ်ကို...

ငါ... ဓားနဲ့ တောက်တောက်စဉ်းချင်တယ်။

ငါ... လေးတန်းကျတာကို သူက ရိုက်မလို့တဲ့။ လာလေ... လာစမ်းပါ။ ရိုက်ကြည့်စမ်းပါ။

သိပ်နာတာပဲ ကြီးတော်ရယ်။ ကြီးတော် ရိုက်ရက်လိုက်တာ။ စာမေးပွဲကျလို့ ရိုက်တာလား။ ကြီးတော်ယောကျ်ားသဘောကျအောင် ရိုက်တာလား။


mgyoe.com

mgyoe.com

ကြီးတော်ယောကျ်ား အရက်သောက်တာကျ ဘာဖြစ်လို့ မရိုက်ဘဲ တိုးတိုးလေး ဆူရတာလဲ ဟင်။

မှောင်ခန်းထဲမှာ သူ့ကို ထည့်ပိတ်ထားလိုက်ပါလား။

ဪ... သူ့ကို ပိတ်လို့ မရဘူးလေ။

သူ့ကို ပိတ်လို့မရအောင် ကြီးတော်က မှောင်ခန်းကို ခွေးနီမ အပိုင် ပေးလိုက်တာကိုး၊

မှောင်ခန်းကို အပျိုခန်းဖြစ်စေတဲ့၊ ခွေးနီမနေစေတဲ့၊ အိမ်ပေါ်ထပ်မှာ ခိုတွေရယ်၊ ကြွက်တွေရယ်၊ ပိုးဟပ်တွေရယ်၊ ခွေးနီမရယ်။ ပြီးတော့ ဒေါ်လီ လေးရယ်။ ဒေါ်လီ ခုတော့ နင် ငါနဲ့အတူနေရပြီနော်။

ငါ့အိပ်ရာဘေးက စားပွဲဝိုင်းလေးပေါ်မှာ နင်အမြဲတမ်း ထိုင်နေလို့ ရပြီနော်။ ကြီးတော်က နင့်ကို ဂျပ်သေတ္တာဘူးထဲမှာ လှောင်မထားတော့ဘူး။ သူယောကျ်ားရလို့ သဘောကောင်းပြီး နင့်ကို လွတ်လပ်ခွင့်ပေးလိုက်ပြီ။

ငါ့ကိုတော့ ဘယ်တော့မှ သူလွတ်လပ်ခွင့် ပေးမှာ မဟုတ်ပါဘူး။

ဟောဒီမှောင်ခန်းထဲမှာပဲ တစ်သက်လုံးထားမှာပါ။

"ခွေးနီမ... ခွေးနီမ"

"ဒေါက်... ဒေါက်၊ ခွေးနီမ"

ဘယ်သူလဲ၊ ကြီးတော်လား၊ အသံကလည်း တိုးတိုးလေး။ ဟင့်အင်း မစားသေးဘူး။ ကြီးတော်ထမင်းစား လာခေါ်တာ မဟုတ်လား။ မစားချင် ဘူး၊ ကြီးတော်တို့နဲ့ ထမင်းမစားချင်ဘူး၊ ကြီးတော်က ဟိုလူကြီးကို ဟင်း ထည့်ပေးတယ်။ ဟိုလူကြီးကလည်း ကြီးတော်ကို ဟင်းထည့်ပေးတယ်။ ပြီးတော့ ဟိုလူကြီးက ကြီးတော်ကို ပွတ်သီးပွတ်သပ်နဲ့ သိပ်မုန်းဖို့ကောင်း တာပဲ။ ဒါတွေကို လုံးဝ မမြင်ချင်ဘူး၊ မကြည့်ချင်ဘူး။

mgyoe.com

mgyoe.com



ပန်းရောင်းဖို့လည်း လာမခေါ်ပါနဲ့ ကြီးတော်ရယ်၊ ရှက်တယ်၊ ပန်းရောင်းရမှာ ရှက်တယ်။ ကြီးတော် ယောကျ်ားကို ရောင်းခိုင်းပါလား၊ သူကမှ ပန်းသည်အစစ်၊ ယောကျ်ားတန်မဲ့နဲ့ ဈေးထဲမှာ ပန်းရောင်းတာလေ။ ဟင်းသီးဟင်းရွက်တွေ ရောင်းတာလေ။ သူ့အစ်မကို ကူရောင်းတာဆိုပေမဲ့ ဘာထူးလဲ၊ တူတူပဲ။ သူက အစ်မအိမ်မှာ ကပ်နေရတာပဲ။

အခုတော့ ကပ်မနေရတော့ဘူးပေါ့၊ ကြီးတော်ဆီမှာ ကပ်နေရပြီကိုး။ ကြီးတော်ယောကျ်ားလေ သိလား၊ ကြီးတော်။ သူ့အစ်မဆီပန်းသွားပို့ရင် ပန်းစည်းတွေကို ပိုပိုယူသွားတယ်။ ဆူးပုပ်စည်းတို့၊ ချဉ်ပေါင်စည်းတို့လည်း ပိုယူတာပဲ။

ကြီးတော် မယုံရင် ဒေါ်လီကို မေးကြည့်၊ ဒေါ်လီအားလုံး သိတယ်။ ဒါပေမဲ့ ဒေါ်လီက တော်ရှာပါတယ်။ ဘာမှ ကုန်းမတိုက်ဘဲ ငြိမ်ငြိမ်လေး နေရှာပါတယ်။ ကြီးတော်ယောကျ်ား ကြီးတော် ပိုက်ဆံအိတ်ထဲက ပိုက်ဆံခိုးတာတောင် သူမြင်တာပဲနော် ဒေါ်လီ။

ကြီးတော်ကတော့ ဒါတွေကို ဘာမှ မသိပါဘူးဟယ်။ မောင်လှိုင်၊ မောင်လှိုင်နဲ့ တလှိုင်တည်း လှိုင်နေတာပဲ။ ငါလေ... ဒေါ်လီ၊ ကြီးတော်က မောင်လှိုင်လို့ ခေါ်လိုက်တဲ့ အသံကိုကြားရင် သိပ်ဒေါသဖြစ်တာပဲ၊ မုန်းတယ်။ ငါ မကြားချင်ဘူး၊ ငါ့ကို ခွေးနီမလို့ခေါ်တဲ့အသံကို မုန်းတာထက်တောင် ပိုမုန်းသေးတယ်။

ငါ သူတို့နဲ့... သူတို့နှစ်ယောက်နဲ့ မနေချင်ဘူး ဒေါ်လီ။ ငါ ဘယ်ကို သွားရမလဲ၊ ဘထွေးအေးမောင်ကလည်း ကြီးတော်ဆီ မလာတော့ဘူးတဲ့။ ယောကျ်ားငယ်ငယ်လေးကို အသက်ကြီးမှ ယူလို့ ရှက်တယ်တဲ့။ ဟိုတစ်ခါ လာပြီး ကြီးတော်နှင့် ရန်ဖြစ်ကြတာလေ။



mgyoe.com

ဟိုလူကြီးကလည်း ရှိတယ်လေ။ ဘထွေးအေးမောင်က ပြောချလိုက်တာလေ။ ယူစရာရှားလို့ မမတင်ရာ၊ ကိုယ့်ထက်လည်း အသက်ငယ်သေး။ ပြီးတော့ အလုပ်မရှိ၊ အကိုင်မရှိ၊ ပန်းရောင်းတဲ့ကောင်တဲ့၊ နင်နဲ့ ငါနဲ့ပျော်ပြီး အခန်းထဲမှာ တိတ်တိတ်ကလေး လက်ခုပ်တီးကြတာနော်။

ကြီးတော်ကလေ၊ သူ့ယောက်ျားကို တော်တော်ချစ်တယ်။ ကိုယ့်မောင်ကိုတောင် ဆဲဆိုလွှတ်တယ်။ သူ့ယောက်ျားကိုထိလို့။ ငါလေ တစ်နေ့နေ့မှာ ဘထွေးအေးမောင်ကို အမေ့အကြောင်းမေးမယ်လို့ စိတ်ကူးထားတာ။ ဘထွေးအေးမောင်မှာ အမေ့ဓာတ်ပုံလေး တစ်ပုံလောက်ရှိရင်လည်း ငါ့ကို ခဏပြပါလို့။ ငါတို့အိမ်မှာ အဖေနဲ့ အမေ့ဓာတ်ပုံ တစ်ပုံမှ မရှိဘူး။

ငါကြီးတော် မသိအောင် အနှံ့လိုက်ရှာပြီးပြီ။ အိမ်ပေါ်ထပ်မှာ အဘိုးတို့ အဘွားတို့တွေ ရှိတယ်။ အလှူဓာတ်ပုံတွေ ရှိတယ်။ ဘထွေးအေးမောင် မင်္ဂလာဆောင်တုန်းကပုံ ရှိတယ်။ ဒါပဲ။ အလှူဓာတ်ပုံထဲမှာတော့ အမေငယ်ငယ်လေးကို ငါတွေ့ရတယ်။ ဒါပေမဲ့ ထိုင်မသိမ်းနဲ့ စည်းပုံဆောင်းထားတော့ ဘယ်လိုလေးလဲ မသိဘူး၊ ငါနဲ့ တူမတူ သိပ်မသိရဘူး။

ဒေါ်လီ... အမေ၊ ငါ့ကို ဘာဖြစ်လို့ ဒါလောက် အကြာကြီး ပစ်ထားခဲ့နိုင်တာလဲဟင်။ အမေ... ငါ့ကို မတွေ့ချင်ဘူးလား။ ငါ့ကို ကြီးတော်ဆီမှာပဲ တစ်သက်လုံး ထားတော့မှာလား။ သိပ်ဝမ်းနည်းဖို့ ကောင်းတာပဲ။ အိပ်မက်ထဲမှာတော့ အမေကလေ သိလား။

"ခွေးနိမ... ခွေးနိမ၊ အို... အိပ်လိုက်တဲ့ ကောင်မလေး"

ဒုန်း... ဒုန်းတဲ့။ ဘာလဲ... ဘာလဲဟင် ဒေါ်လီ၊ မိုးခြိမ်းတာလား၊ ဘာလဲ။

"ခွေးနိမ"



mgyoe.com

mgyoe.com



"ရှင်... ကြီးတော်"

ပါးစပ်က အသံသာထွက်သွားတာ၊ ငါ ကောင်းကောင်း မသိသေးဘူး ဒေါ်လီ။ နင်... ငါ့ဘေးမှာ ရှိရဲ့လား။ နင့်ကို ငါ မမြင်ရဘူး။ ငါကြီးတော် အလစ်မှာ ခိုးထွန်းထားတဲ့ဖယောင်းတိုင်လေး ဘယ်အချိန်ငြိမ်းသွားမှန်းတောင် ငါ မသိလိုက်ဘူး။

"ခွေးနှိမ၊ နိုးပလား။ တံခါးဖွင့်ပြီး မြန်မြန်ထွက်ခဲ့စမ်း၊ အို... ကျွတ်ကျွတ်"

"လာပြီ... ကြီးတော်"

ကြီးတော် ဘာဖြစ်လို့ပါလိမ့် ဒေါ်လီ၊ ကြီးတော်ညည်းနေတယ်။ သူ့ ယောကျ်ားမရှိဘူးလား၊ အရက်မူးပြီး အိပ်ပျော်နေလို့လား၊ မုန်းလိုက်တာ။

"ခွေးနှိမ"

အို... ငါ သိပ်လန့်သွားတာပဲ ဒေါ်လီ။ ငါ တံခါးဖွင့်လိုက်တဲ့ အချိန်မှာ ကြီးတော်ရယ်လေ၊ ငါ့အခန်းနံရံမှာ မှီထိုင်နေတယ်။ ငါ့ကို မော့ကြည့်တဲ့ သူ့မျက်နှာမှာ ချွေးတွေသီးလို့၊ ဘုရားခန်းက မီးရောင်ဟပ်လို့လား မသိဘူး၊ ကြီးတော်မျက်နှာက ဖြူဖွေးဖွေးကြီး။ ကြီးတော် လက်ထဲမှာ လက်နှိပ်ဓာတ်မီး လေးက ဖွင့်ရက်သားလေ။

"ကြီးတော်... ဘာဖြစ်လို့လဲ ကြီးတော်"

ကြီးတော်နားကို ငါ ကပ်လိုက်တယ်၊ အို... ဒေါ်လီ၊ ငါ ခြေထောက်နဲ့ တက်နင်းမိတာ ဘာတွေလဲ၊ စေးကပ်နေတဲ့ အရည်တွေ။

"သွေးတွေ... ကြီးတော် သွေးတွေ"

"ငါ့ကို တွဲစမ်း ခွေးနှိမ၊ ညည်းအိပ်ရာပေါ် ပို့ပြီးတော့ စိမ်းစိမ်းတို့ အမေကို ပြေးပြီးခေါ်၊ ငါသားပျက်လို့လို့ပြော"



mgyoe.com

"... သားပျက်လို့"

"မြန်မြန်လုပ်စမ်းပါအေ၊ ငါပြောတဲ့အတိုင်းလုပ်၊ ကြားလား"

"ဟိုလူကြီးရော ကြီးတော်"

"ပြန်မလာသေးဘူး"

ဒီတစ်ခါတော့ သူ့ယောကျ်ားကို ဟိုလူကြီးခေါ်ရကောင်းလားဆိုပြီး ကြီးတော် ငါ့ကို လိမ်မဆွဲတော့ဘူး ဒေါ်လီ။ ကြီးတော် သိပ်နေမကောင်းဖြစ်နေတယ်။ ကြီးတော်ကို ငါ သနားပါတယ်။ ကြီးတော် မျက်နှာကလေးရှုံ့မဲ့ ပြီး အို... ဒေါ်လီ ငါ့အိပ်ရာခင်းပေါ်မှာ သွေးတွေ၊ ငါ့အိပ်ရာခင်းအဖြူလေးပေါ်မှာ သွေးတွေ၊ အများကြီးပဲ။

"ကြီးတော်... သွေးတွေအများကြီးပဲ၊ သွေးတွေ"

"မြန်မြန်သွား၊ ဓာတ်မီးယူသွား၊ စိမ်းစိမ်းတို့အမေကို ခေါ်ခဲ့၊ ဆေးရုံသွားရမယ်။ သွား၊ ပြေး"

ဟုတ်ကဲ့... ဟုတ်ကဲ့ပါကြီးတော်။ ဒေါ်လီ၊ နင်ကြီးတော်ကို ကြည့်လိုက်နော်၊ ငါ သွားလိုက်ဦးမယ် သိလား။

အင်း... အင်း။ စိမ်းစိမ်းတို့ အမေကို ပြောရမှာက သားပျက်လို့၊ ကြီးတော်သားပျက်လို့။

အမယ်လေး၊ ငါလန့်သွားတာပဲ ဒေါ်လီ။ လှေကားပေါ်မှာ သွေးစက်တွေ၊ ငါ့ဓာတ်မီးရောင်မှာ ထင်းလို့။ အဲဒါကြီးတော်ရဲ့ သွေးတွေပေါ့နော်။ ကြီးတော်အိပ်တဲ့နား ကြမ်းပေါ်မှာလည်း သွေးတွေ ရှိတယ် ဒေါ်လီ။

ငါကြောက်လာပြီ၊ ငါ ဘယ်လိုလုပ် အိမ်ပြင်ထွက်ရပါ့မလဲ။ ကြီးတော်ယောကျ်ားဟာ သိပ်မုန်းဖို့ ကောင်းတဲ့လူကြီး။ ကိုယ့်မိန်းမနေမကောင်းဖြစ်နေတာတောင် ခုချိန်ထိ ပြန်မလာဘူး၊ ဘယ်မှာသွားသေ



mgyoe.com

mgyoe.com


နေသလဲ။

ငါ သွားမှ ဖြစ်မှာပါ ဒေါ်လီ၊ ကြီးတော် သနားပါတယ်။ ကြီးတော်ကို ငါ ချစ်ပါတယ်။ သူနေကောင်းစေချင်ပါတယ်။

ငါခြံထဲကနေ အပြင်ထွက်ရတာ ဒါလောက် မကြောက်ပါဘူး ဒေါ်လီ။ မှောင်တာကိုပဲ စိတ်ညစ်တာ။ လမ်းမီးတွေ ပျက်နေကြပြန်ပြီ။ ကြီးတော် လက်နှိပ်ဓာတ်မီးကလည်း ဓာတ်ခဲအားကုန်ခါနီးပြီနဲ့ တူတယ်။ မှေးမှေးမှုန်မှုန်ကလေး။

စိမ်းစိမ်းတို့ခြံကို သွားရမှာ ငါအကြောက်ဆုံးကတော့ သူတို့ရဲ့ ခွေးဆိုးမပေါ့။ စိမ်းစိမ်းယုတ်မာပြီး မှည့်ထားတဲ့ ငါနှင့် နာမည်တူတဲ့ ခွေးနီမ ဆိုတဲ့ ခွေးဆိုးမလေ၊ သူက သိပ်ကိုက်တာ။ လူစိမ်းလာရင် အသံမပေးဘဲ ချောင်းပြီး အလစ်မှာ ဆွဲကိုက်တတ်တယ်။

သူငယ်ငယ်လေးတုန်းက စိမ်းစိမ်းတို့က ကိုက်အောင်လို့ ကျားစွယ်သွေးတိုက်ထားတာတဲ့။ ခွေးနီမကိုက်လွှတ်တဲ့လူတွေ မနည်းတော့ဘူး။ ပြီးတော့ ခုခွေးနီမက ခွေးလေးတွေ မွေးထားတယ်။ ခွေးသားအုပ်မ ဖြစ်နေတယ်။ ခွေးသားအုပ်မဆိုတာ သားသမီးဇောနဲ့ ကိုက်တတ်တယ်တဲ့။

"စိမ်းစိမ်း... စိမ်းစိမ်း"

စိမ်းစိမ်းတို့ခြံရှေ့ကနေ ငါ အော်လိုက်တဲ့အချိန်မှာပဲ ခွေးနီမရဲ့ မာန်ဖီသံကြားရတယ်။ ငါကြောက်လိုက်တာ ဒေါ်လီ။ ငါနောက်ဆုတ်လိုက်မိတုန်းမှာပဲ စိမ်းစိမ်းတို့ခြံထဲက တခြားခွေးတွေရဲ့ ဟောင်သံတွေ ဆူညံသွားတာပဲ။ ဒုက္ခပါပဲ ဒေါ်လီရယ်။ စိမ်းစိမ်းတို့အမေကို ကြီးတော်က မြန်မြန်ခေါ်ခဲ့တဲ့။ မခေါ်ခဲ့ရင် ငါ့ကိုရိုက်ခံရလိမ့်မယ်။

"ဒေါ်ဒေါ်၊ ဒေါ်ဒေါ်၊ ကြီးတော်က ခေါ်ခိုင်းလို့"


mgyoe.com

mgyoe.com

ခွေးဟောင်သံတွေက ပိုပြီး ဆူညံလာတယ်။ ခွေးနီမရဲ့ မာန်ဖီသံက တဂဲဂဲနဲ့ ခြံဝနားရောက်လာသလိုပဲ။ စိမ်းစိမ်းတို့ကလည်း မနိုးကြဘူးလား။ ငါ့အသံ မတိုးပါဘူး။ အသံကျယ်ကျယ်နဲ့ ခေါ်တာပဲ ဒေါ်လီ။

"စိမ်းစိမ်း... စိမ်းစိမ်း"

အမယ်လေး လုပ်ပါဦး ဒေါ်လီ။ ခွေးနီမ ထွက်လာပြီ။ သွားကြီးအဖြဲသားနဲ့ ငါ့ဆီကို... ကြီးတော်... ကြီးတော်။ ပြေးမယ် ဒေါ်လီ၊ ပြေးမယ်၊ ငါ တအားပြေးပါ့မယ်။ တော်ပါသေးရဲ့၊ တော်ပါသေးရဲ့။ ခွေးနီမက ငါတို့ခြံထဲထိ ဝင်မလိုက်လို့၊ ကြောက်လိုက်တာ၊ မောလိုက်တာ ဒေါ်လီရယ်။

ဟင်... ဒါ ဘာကြီးလဲ၊ အိမ်အောက်တံခါးဝမှာ ကြည့်စမ်း၊ ကြီးတော်ယောကျ်ား ဟိုလူကြီးပြန်ရောက်နေပြီ။ ငါ့ကို လန့်သွားတာပဲ။

ဟင်း... အရက်စော်တွေ နံနေတာပဲ။ တဂူးဂူးနဲ့ သူက အိပ်ကောင်းနေလိုက်တာ၊ ကြီးတော်မှာဖြင့်...။

ကောင်းတယ်၊ ဟုတ်တယ်၊ ကြီးတော်ကို ငါသွားတိုင်မယ်။ ပြီးတော့ ဒီလူကြီးကို နှိုးပြီး ကြီးတော် ဆေးရုံသွားလိမ့်မယ်။ တွေ့ကြသေးတာပေါ့ လူကြီးရာ၊ ကြီးတော်က အရက်သောက်တာကို နည်းနည်းလေးမှ ကြိုက်တာ မဟုတ်ဘူး။

"ကြီးတော်... ကြီးတော်"

အို... အရေးထဲမှာ အခန်းပေါက်ဝက သွေးတွေကို ငါ နင်းဖြစ်အောင် နင်းလိုက်မိသေးတယ်။

"ကြီးတော်... ကြီးတော် ယောကျ်ားပြန်ရောက်နေပြီ။ အောက်မှာ မူးလဲလို့၊ နံစော်ပြီး တစ်ခါတည်း"

တိုင်ရကျိုး မနပ်လိုက်တာ ဒေါ်လီရယ်။ ကြီးတော်က အိပ်ပျော်နေပြီ၊


mgyoe.com

mgyoe.com


သူ သက်သာသွားပြီလား၊ ဘယ်အချိန်က အိပ်ပျော်သွားတာလဲ ဒေါ်လီ။

လက်နှိပ်ဓာတ်မီးရောင် မှုန်မှုန်အောက်မှာ ကြီးတော်မျက်နှာကို ငါ မြင်နေရတယ်။

ကြီးတော်အိပ်ရင် ဒီလိုပဲ မျက်လုံးတွေ မပွင့်တပွင့်နဲ့ အိပ်တတ်တယ်။ ကြီးတော်နဖူးမှာ ချွေးတွေနှင့် ဆံပင်တွေ ရောနှောပြီး ကပ်နေကြတယ်။

ကြီးတော်ပါးစပ်က ဟဟလေး။ ရွှေသွားလေး လက်နေတာကို မြင်ရတယ်။ ကြီးတော်လည်ပင်းမှာလည်း ချွေးတွေနဲ့ ဆံပင်တွေ။ အို… ယင်ကောင်တွေကလည်း ဘယ်က ရောက်လာတာလဲ။ သွေးတွေကြောင့် ထင်တယ်။ ယပ်တောင်သွားရှာဦးမှာပဲ ဒေါ်လီ။

ဘုရားစင်နားက ယပ်တောင်ထည့်ထားတဲ့ ဝါးကျည်တောက်ထဲမှာတော့ ယပ်တောင်အကောင်းတွေ ရှိတယ်။ ဒါပေမဲ့ ယပ်တောင်အကောင်းတွေကို ယူသုံးတာ ကြီးတော်က မကြိုက်ဘူး၊ အောက်မှာချထားတဲ့ ယပ်တောင် အဟောင်းသုံးခုကိုပဲ သုံးရတယ်။

ဟင့်အင်း… တော်ပြီ၊ အောက်တော့ မဆင်းဝံ့တော့ဘူး။ ကြီးတော်အတွက် ယူတာပဲ၊ ကြီးတော် မပြောလောက်ပါဘူး။ အိမ်ပေါ်က ယပ်တောင်ပဲ ယူမယ်။

အို… ဒီယပ်တောင်ကြီးတော့ မယူချင်ဘူး။ ဒါ… အသုဘယပ်တောင်ကြီး၊ ကြောက်တယ်။ ဟင်… ဒါလည်း အသုဘယပ်တောင်၊ အဲ… ဟုတ်ပြီ၊ ဒါကမှ အလှူယပ်တောင်။

လာခဲ့စမ်း ယင်ကောင်တွေ။ နင်တို့ဟာလေ သွေးနံ့ဆို တော်တော်ကြိုက်တယ်။

ဘုရားခန်းကမီးရောင်နဲ့ ကြီးတော်မျက်နှာတစ်ပိုင်းကို မြင်ရတယ်


mgyoe.com

mgyoe.com

ဒေါ်လီ။ ကြီးတော် အိပ်ပျော်နေတုန်းပဲ။ ဟာ–ယင်တွေကလည်း မျက်နှာပေါ် ထိ လိုက်ဝဲနေတယ်... သွား။

ခေါင်းစောင်းလျက်ကြီးနဲ့ ကြီးတော် အိပ်ပျော်နေတယ် ဒေါ်လီ။ သူနိုးလာရင် ဇက်နာနေလိမ့်မယ်။ ငါတည့်ပေးလိုက်ရမလားဟင်။ သူနိုးများ သွားမလား။ သူနိုးအောင် လုပ်တယ်ဆိုပြီး ငါ့ကို ရိုက်တော့ ဘယ့်နှယ်လုပ်မလဲ။ အင်း မနိုးအောင် တည့်ပေးပေါ့။ အေး... ဟုတ်တယ်၊ မနိုးအောင် တည့်ပေးမယ်။

အသာလေး... အသာလေးပဲ ငါကိုင်ပါ့မယ်။

အို... ဘာဖြစ်လို့လဲ ဒေါ်လီ။

ကြီးတော်ခေါင်းက တည့်လို့ မရဘူး။

ကြီးတော်ဇက်ကြီးက ခိုင်နေတယ်။ ဘာဖြစ်တာလဲ။

"ကြီးတော်"

ခေါင်းကြီးတည့်လို့ မရဘူးဒေါ်လီ။ ကြီးတော် အိပ်တာ ဘယ်လိုကြီးလဲ။ ကြီးတော် အိပ်ရင် အသက်ရှူသံ အကျယ်ကြီးကြားနေရတာလဲ။

"ကြီးတော်"

ငါကြောက်လာပြီ ဒေါ်လီ။ ကဲ... ကဲ... ကဲ၊ မရဘူး၊ မရဘူး ဒေါ်လီ။ ခေါင်းကြီးက တည့်လို့မရဘူး၊ တည့်လို့မရဘူး။

ကဲဟ– ကဲဟာ– ကဲဟာ။ ဒေါ်လီ ကြီးတော်ကိုယ်လုံးကြီးကို ငါတွန်းပစ်လိုက်တယ်။

ကြီးတော်က တောင့်တောင့်ကြီး။

ခေါင်းကြီးက စောင်းလျက်။

မျက်လုံးတွေက မပွင့်တပွင့် ဖွင့်လျက်။


mgyoe.com

mgyoe.com


ပါးစပ်က ဟလျက်။

"ဒေါ်လီ"

ဒေါ်လီ၊ ငါ့ဆီ မြန်မြန်လာပါ။

ငါကြောက်လွန်းလို့ သေတော့မယ်။

* * *

အမွေးတိုင်နံ့စူးစူးကြီးက တစ်ခန်းလုံး ပျံ့နေတယ်။

နှင်းဆီပန်းနံ့တွေကလည်း မူးဝေအီတောက်နေတာပဲ။

အိမ်အောက်ထပ် ခုတင်ကြီးပေါ်မှာ ကြီးတော်ရှိတယ်။ ကြီးတော် မျက်နှာပေါ်ကို ကြီးတော် အလျှုသွားရင် ခြုံတဲ့ပဝါ အဖြူရောင် အပါးလေးအုပ်ထားတယ်။ ကြီးတော်ချုပ်ပြီး တစ်ခါမှမဝတ်ရသေးတဲ့ ဖော့စအညိုနုရောင် အင်္ကျီနဲ့ ဇင်းမယ်ထဘီအစိမ်းကို ကြီးတော်ကိုယ်ပေါ်မှာ လွှားထားတယ်။

ကြီးတော်ခေါင်းရင်းမှာ အမွေးတိုင်အိုးနဲ့ နှင်းဆီပန်းအိုးတွေ ရှိတယ်။

ကြီးတော် သေသွားပြီ ဒေါ်လီ။

ကြီးတော် သေသွားပြီ။

နင် သိလားဟင်။

ကြီးတော် ဇက်ကြီးခိုင်နေတာလေ။ နင့်ကို ငါဖက်ထားပါရစေ ဒေါ်လီ။

ငါ့အိပ်ရာပေါ်မှာ သွေးတွေ ရှိသေးလား။

မရှိတော့ပါဘူးနော်။ အဲဒီသွေးတွေ စွန်းပေနေတဲ့ အိပ်ရာခင်းအဖြူကို လုံးပြီး ခြံစည်းရိုးအောက်ခြေက အမှိုက်တွေထဲမှာ ငါလွှင့်ပစ်လိုက်ပြီ။

ဒါပေမဲ့... ဒါပေမဲ့ ငါ့အခန်းဝမှာတော့ ညိုညိုအကွက်တွေ ရှိ


mgyoe.com

mgyoe.com

နေသေးတယ်။

ငါ... ဒီအခန်းထဲမှာ နေလို့ မဖြစ်တော့ပါဘူး ဒေါ်လီ။

ငါ ထွက်သွားမှ ဖြစ်မှာပါ။

ငါ့ အဝတ်အစားတွေကို ငါ အထုပ်ကလေး ထုပ်ပြီးပြီ ဒေါ်လီ။

ငါ့ကျောင်းလွယ်အိတ်လေးရယ်၊ နင်ရယ်၊ ငါရယ်၊ အထုပ်ကလေးဆွဲ့ပြီး ဒီက ထွက်သွားကြတာပေါ့။

ကြီးတော်ကို သချိုင်းကုန်း ပို့ပြီးရင်လေ။

ကြီးတော် မရှိဘဲနဲ့ ဒီအိမ်မှာ ဟိုလူကြီးနဲ့ ငါ ဘယ်လိုနေရမလဲ။

ဟိုလူကြီးရဲ့ငိုသံက ခိုညည်းသံတွေနဲ့ တူတယ်။ မနေ့ညက နင့်ကို ဖက်ထားပေမဲ့ ငါ တစ်ညလုံး လန့်နိုးနေတာပဲ။

နင့်ကို ငါ မေးဦးမယ် ဒေါ်လီ၊ တိုးတိုးလေး မေးမယ်နော်။ ကြီးတော် သေတာ ငါ့ကြောင့်လားဟင်။

ဟင်... ဒေါ်လီ၊ မဟုတ်ပါဘူးနော်၊ နင်အသိဆုံးပါ။

စိမ်းစိမ်းတို့အမေကို ရအောင်ခေါ်မပေးလို့ ကြီးတော် သေတာလား။

ငါ... ငါက ကြီးတော်ခေါင်းကို အတင်းလှုပ်လို့ ကြီးတော်သေတာလား။

မဟုတ်ပါဘူး နော်... ဒေါ်လီ။

ငါကြောက်တယ် ဒေါ်လီရယ်၊ ငါကြောက်တယ်။

"ခွေးနိမ"

ဟော... ကြီးတော် အသံလား။ လုပ်ပါဦး ဒေါ်လီ။

"ဟဲ့... ခွေးနိမ၊ ဘာဖြစ်လို့ တံခါးကြီးပိတ်ထားတာလဲ နင် မကြောက်ဘူးလား"


mgyoe.com

mgyoe.com



စိမ်းစိမ်း... စိမ်းစိမ်းပါ့လား။ စွေ့ထားတဲ့ တံခါးက ဝုန်းဆို ပွင့်သွားတယ်။ အခန်းဝမှာ စိမ်းစိမ်းက မောကြီးပန်းကြီးနဲ့။

"ဟိုမှာ... ဘထွေးအေးမောင်နဲ့ နင့်အမေတို့ လာနေပြီ"

"ဘာ"

"ဟုတ်တယ်... နင့်အမေတဲ့၊ ခြံဝမှာ ရောက်နေပြီ"

အမေ... အမေ လာနေပြီတဲ့ ဒေါ်လီ။

ငါ ဘာလုပ်ရမလဲဟင်... ငါ ဘာလုပ်ရမလဲ။

စိမ်းစိမ်း၊ စိမ်းစိမ်းက ငါ့ကို စတာလား။

"ဟဲ့... လာလေ။ အောက်ကို သွားမယ်လေ"

စိမ်းစိမ်းက တကယ်ခေါ်နေတာပဲ။

"ပေးစမ်း... ဒီအရုပ်ကို ထားပစ်ခဲ့စမ်းပါဟယ်"

"အို..."

မထားပါဘူး စိမ်းစိမ်းရယ်။ ဒေါ်လီ... နင်ပါလိုက်ခဲ့နော်။ အောက်မှာ ငါ့အမေ ရောက်နေပြီတဲ့။

"လာ... ဟိုမှာ... ဟိုမှာ အိမ်ထဲဝင်လာပြီ။ ဘထွေးအေးမောင်နဲ့၊ အဲဒါနင့်အမေတဲ့"

နှုတ်ခမ်းမှာ ကြီးတော်မုန်းတဲ့ နှုတ်ခမ်းနီ ပန်းရောင်လေးဆိုးလို့။ ဘာဖြစ်သလဲ။ ချစ်တယ်... ငါချစ်တယ် ဒေါ်လီ။

လှေကားရင်းမှာရပ်ရင်း ငါ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။

"ခင်လေး၊ ဟိုမှာ... နင့်သမီး"

ဘထွေးအေးမောင်က ပြောလိုက်ပြီ ဒေါ်လီ။ ငါ့ကို တွေ့သွားပြီ။ ဟင့်အင်း၊ ဟင့်အင်း၊ ငါ မသွားရဲဘူး၊ မသွားရဲဘူး။ ငါ့အမေဆိုးက ငါ့အမေ



mgyoe.com

mgyoe.com

လက်မောင်းကို တွဲထားတဲ့ ကောင်မလေးက ဘယ်သူလဲ။

စကတ်လှလှ၊ အင်္ကျီလှလှလေးနဲ့၊ ငါ့အမေထက်တောင် အရပ်မြင့်သေးတယ်။

"သမီး"

ငါ့အမေ ငါ့ဆီလာပြီ ဒေါ်လီ။ သမီးတဲ့။ ငါ့ကို သမီးတဲ့။ ငါ့အမေကလေ ဟိုကောင်မလေးလက်ကို ဖြုတ်ချပစ်ခဲ့တယ်။ ဟင့်အင်း၊ ငါ မသွားရဲဘူး၊ လူတွေက ဝိုင်းကြည့်နေကြတယ်၊ ငါ ရှက်တယ်။

"သမီး"

အို... ဒေါ်လီ၊ ငါ့အမေက ငါ့ကို ဖက်လိုက်တယ်။ ငါ့ခေါင်းက သူ့ရင်ခွင်ထဲမှာ။ ငါ့အမေက ငါ့ကို နမ်းတယ်သိလား ဒေါ်လီ၊ ငါ့ကို နမ်းတယ်။

နင့်ကို ပစ်ချလိုက်ရလို့ ငါ့ကို စိတ်မဆိုးပါနဲ့ ဒေါ်လီ။

ငါ့အမေခါးကို ငါ တအား ဖက်ထားချင်လို့ပါ။

ငါလေ သိပ်လည်း ငိုချင်တာပဲ။

ကြီးတော်ကို လွမ်းလို့ မဟုတ်ပါဘူး။ ငါ့အမေရဲ့မျက်ရည် အေးအေးလေးတွေကြောင့်ပါ။

"သမီး... သမီး၊ ခွေးနီမကလေး"

ဟင့်အင်း၊ ဟင့်အင်း မဟုတ်ပါဘူး။ ငါ့အမေ ရင်ခွင်ထဲမှာ ငါ့ခေါင်းကို တအားခါးယမ်းပစ်လိုက်တယ်။

"သမီးနာမည် ခွေးနီမ မဟုတ်ဘူး။ ခင်ကျော့လေးလေ၊ သမီးနာမည် ခင်ကျော့လေးပါ"

❖


mgyoe.com

mgyoe.com



# ခင်ကျော်လေး



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



ကျွန်မနာမည် ခင်ကျော်လေးပါ။

ကျွန်မအဖေနာမည်က ဦးကျော်ငွေး၊ ကျွန်မအမေနာမည်က ဒေါ်ခင်လေးတဲ့။

အခု ကျွန်မဘေးနားမှာ ထိုင်နေတဲ့သူက ကျွန်မ အမေ ဒေါ်ခင်လေးပေါ့။

ရထားကြီး သိလားဟင်...၊ ကျွန်မအမေကို မီးရထားကြီး သိလား၊ ကျွန်မလေ အလိုလိုနေရင်း ရယ်ချင်နေတယ်...။ သိလား။

ကျွန်မ သိပ်ပျော်နေတယ်။

တကယ်ကို ပျော်နေမိတာပါ။ နော်... အမေ၊ အိုး... မဟုတ်ဘူး၊ မဟုတ်ဘူး၊ မေ့လို့၊ မေ့လို့။ မေမေ... မေမေ၊ ကျွန်မအမေက သူ့ကို အမေလို့ မခေါ်ရဘူး။ မေမေလို့ ခေါ်ရမယ်တဲ့၊ ဟုတ်ကဲ့ပါ မေမေ။

မေမေ... မေမေဆိုတဲ့စကားလေး နှစ်လုံးကို ကျွန်မစိတ်ထဲတင် အကြိမ်ပေါင်းများစွာ ခေါ်နေမိတယ်။

ဒါပေမဲ့ တကယ့်တကယ် ကျွန်မအမေနဲ့ စကားပြောတဲ့အခါကျ



mgyoe.com

mgyoe.com

တော့ ထွက်ရမှာ မရဲသလိုပဲ။ ဟုတ်ကဲ့... ဟုတ်ကဲ့ဆိုပြီး သံပြတ်နဲ့ စကား ပြောနေမိတယ်။ အို... နောက်တော့ ကျွန်မ ပြောရဲသွားမှာပေါ့လေ။

ကျွန်မအမေကတော့ သိပ်ချစ်ဖို့ ကောင်းတယ်။ ကျွန်မနဲ့ စကားပြော တိုင်း မေမေကလေ... မေမေ့ကိုလေနဲ့ ထည့်ပြောရှာပါတယ်။

အင်းလေ ကျွန်မအမေအဖို့ကလည်း သူ့ကိုယ်သူ မေမေ... မေမေနဲ့ ပြောတာက အကျင့်ဖြစ်နေပြီပဲ။ သူ့မှာ ကလေးသုံးယောက်တောင် ရှိတာပဲ။ ကျွန်မအမေရဲ့ သား သမီးတွေလေ။ သမီးတစ်ယောက်၊ သားနှစ်ယောက် တဲ့။ ဟို... ဟို... နောက်ယောက်ျားနဲ့ ရတာတွေပေါ့။

ကျွန်မအမေကတော့ ပြောပါတယ်။ ကျွန်မရဲ့ မောင်ညီမလေးတွေ တဲ့။ ဟုတ်ပါတယ်နော်၊ ကျွန်မအမေက မွေးတာဆိုတော့ ကျွန်မနဲ့ အမျိုး တော်တာပေါ့။ ကျွန်မရဲ့ မောင်ညီမလေးတွေပေါ့။ ဟို ကျွန်မအဖေနဲ့ မွေး တာတော့ မဟုတ်ဘူးပေါ့။

ကျွန်မရဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ခုံနောက်ကျောကိုမှီပြီး မျက်လုံး တွေ မှိတ်ထားတဲ့သူက ကျွန်မရဲ့ညီမ၊ ကျွန်မအမေရဲ့ သမီးအကြီးပေါ့။ စိုးစန္ဒာအောင်တဲ့၊ သူ့နာမည်က လှတယ်နော်။ ဒါပေမဲ့ ကျွန်မကတော့ စိုးပါတာကို မကြိုက်ဘူး။ စိမ်းစိမ်းညီမ စိုးစိုးနဲ့ နာမည်တူလို့ပေါ့။

ကျွန်မနဲ့ သူနဲ့ အသက်တစ်နှစ်ခွဲ ကွာတယ်လို့ ကျွန်မအမေက ပြော တယ်။ ဒါပေမဲ့ ရွယ်တူလိုပါပဲ။ သူကတောင် ပိုကြီးတယ်လို့ ထင်ရဦး မယ်။ သူ့အရပ်ကြောင့်လေ။ သူ့အရပ်က သိပ်ထွားတာပဲ။ အသားလည်း ဖြူတယ်၊ ကျွန်မလို မညိုဘူး။

ကျွန်မအသားကျမှ ဘာဖြစ်လို့ ကျွန်မအမေနဲ့ မတူရတာလဲ၊ ဘာဖြစ် လို့ ကြီးတော်နဲ့ တူရတာလဲ။ အို... စိုးစန္ဒာအောင်မှာ ကျွန်မအမေနဲ့ တူတာ



mgyoe.com

mgyoe.com


ဆိုလို့ အသားဖြူတာလေး တစ်ခုပါပဲ။ ကျန်တာ ဘာမှ မတူဘူး၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ အို... အားလုံး ကျွန်မအမေနဲ့ ကျွန်မ တူကြပါတယ်။

တစ်ခုဆိုးတာကတော့ သူနဲ့ကျွန်မ အတန်းတူတူ ဖြစ်နေတာပေါ့။ သူလည်း ငါးတန်းပဲတဲ့။ သူက စာတော်တယ်တဲ့။ ကျွန်မအမေက စိုးစန္ဒာအောင် စာတော်တာကို ဂုဏ်ယူချင်ပုံရတယ်။ ကျွန်မလည်း ရှေ့လျှောက် စာမေးပွဲမကျအောင် စာတော်အောင် ကြိုးစားတော့မှာပါ။ ကျွန်မအမေ ကျွန်မအတွက် ဂုဏ်ယူရအောင်လို့လေ။

"သမီး စိုး၊ သိပ်အိပ်ချင်နေပြီလား၊ ဟုတ်လား"

ကျွန်မအမေက သူ့သမီးကို လှမ်းမေးတယ်။ မျက်လုံးတွေကို အတင်းမှိတ်ပြီး မျက်မှောင်ကုတ်ထားတဲ့ စိုးစန္ဒာအောင်က ကျွန်မအမေကို ဘာမှ ပြန်မပြောဘဲ အိပ်ချင်ယောင် ဆက်ဆောင်နေတယ်။ ဟုတ်တယ်၊ သူအိပ်ချင်ယောင်ဆောင်နေတာပါ။ ကျွန်မ သိသလို ကျွန်မအမေလည်း သိတယ်။ ကျွန်မအမေက ကျွန်မကို လှမ်းကြည့်ပြီး ပြုံးပြတယ်။ ပြီးတော့ သူ့သမီးကိုလည်း ပြုံးပြီး ကြည့်နေတယ်။

ကျွန်မအမေပြုံးတာက တစ်မျိုးလေးပဲ။ နှုတ်ခမ်းနီ အပြဲဆိုးထားတဲ့ နှုတ်ခမ်းထူထူလေးကို မပွင့်တပွင့် ဖွင့်ပြီး ပြုံးတာ။ အဲဒီအပြုံးလေးဟာ ကျွန်မအမေမျက်နှာပေါ်မှာ အမြဲတမ်းရှိနေသလိုပဲ။

"စိုး... သမီး ခဏထဦး၊ အိပ်ရာဝင် မုန့်မစားတော့ဘူးလား"

ကျွန်မအမေက ခြင်းထဲကို လက်နှိုက်ရင်းက ကျွန်မကို ဖျတ်ခနဲ ကြည့်ပြန်တယ်။ ရပါတယ် မေမေ၊ သမီးကို မကြည့်ပါနဲ့။ ခွေးနီမဆိုတဲ့ ခင်ကျော်လေး ညအိပ်ရာဝင် မုန့်စားတတ်တယ်၊ မစားတတ်ဘူးဆိုတာ မေမေဘယ်လိုလုပ် သိနိုင်ပါ့မလဲလေ။


mgyoe.com